# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ [၅၄]၊ အမှတ် [၂၁၇]


> စည်းလုံးညီညွတ်ပါက ဘေးရန်အန္တရာယ်ကို ကြံကြံခံပြီး ကျော်လွှားနိုင်။
> စည်းလုံးညီညွတ်မှုပြိုကွဲပါက အသက်အန္တရာယ်အထိ ကျရောက်နိုင်။
> (မြတ်ဗုဒ္ဓ၏ ဝဂ္ဂကဇာတ်တော်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာ-လာအို ချစ်ကြည်ရေးတံတားပေါ်တွင် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်နိုင်ငံ လွှန်နသမ်ပြည်နယ်၊ လောင်းခရိုင် ဇင်းကုတ်မြို့နယ်တို့အား ဆက်သွယ်တည်ဆောက်ထားသည့် မြန်မာ-လာအို ချစ်ကြည်ရေး တံတားဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံဘက်ကမ်း ကမ်းကပ်ခုံရှိ ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တံတားပေါ်၌ စာမျက်နှာ ၈ ကော်လံ ၁

## အားမာန်အပြည့် ယှဉ်ပြိုင်နေဆဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စာမျက်နှာ » ၄

## ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲထုတ်ပြန်ချက်

စာမျက်နှာ » ၇

## နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်ခင် အမြန်ဆုံးစတင်နိုင်ရေး ဆွေးနွေးသဘောတူ

စာမျက်နှာ » ၉

# မြန်မာ-လာအို ချစ်ကြည်ရေးတံတား (သို့မဟုတ်) မြန်မာ-လာအို ဆက်ဆံရေးသမိုင်းမှတ်တိုင် တံတားတစ်စင်း

မြန်မာနှင့် လာအိုနိုင်ငံတို့၏ သံတမန်ဆက်သွယ်ခဲ့မှုမှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၆၀ ရှိခဲ့ပြီဖြစ်ကာ အိမ်နီးချင်းကောင်းတို့၏ ကျင့်ဝတ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားလိုက်နာခဲ့ကြသည့် အိမ်နီးချင်းကောင်းများလည်းဖြစ်ပေသည်။ သံတမန်ဆက်သွယ်ခဲ့သည့် နှစ် ၆၀ ပြည့် အခါသမယတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ခြင်းသည်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအားကောင်းစေမည့် အချက်တစ်ချက်ဟု မှတ်ယူရပေမည်။

**သတင်းစဉ်(သတင်းအဖွဲ့)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံ လွှန်နသမ်ပြည်နယ် ဇင်းကုတ်မြို့တို့ကို ဆက်သွယ်တည်ဆောက်ခဲ့သည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ တံတားဖွင့်လှစ်နိုင်ခဲ့ခြင်း၏ ရလဒ်များကို ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့၏ စာမျက်နှာ ၆ ကော်လံ ၁




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရေအလှူပိုင်းဝန်းကူ

“တန်ခူးရေကုန်၊ ကဆုန်ရေခန်း” ဟူသောစကားရှိပါသည်။ နွေအခါ အပူရှိန်မြင့်မား၍ ရေတွင်း ရေကန်အသီးသီးတို့၌ ရေများခန်းခြောက်လေ့ရှိပါသည်။ လူတို့၏သုံးရေ၊ သောက်ရေ လိုအပ်ချက်များ မြင့်မားလာပါသည်။ အထူးသဖြင့် ရေချိုထွက်ရှိခြင်းမရှိသော မြို့ရွာများ၊ အပူချိန်မြင့်မားသော မြန်မာနိုင်ငံ အထက်ပိုင်းဒေသအချို့၌ ရေလိုအပ်ချက်များ မြင့်မားလာပါသည်။ မိုးဖြိုင်ဖြိုင်မရွာသေးသမျှကာလပတ်လုံး ရေလိုအပ်ချက်များလည်း ရှိနေဦးမည်ဖြစ်ပါသည်။ ကျေးလက်ဒေသအများစုသည် သောက်သုံးရေအဖြစ် ရေတွင်းရေကန်များကိုသာ အားထားနေကြရပါသည်။

ထို့ကြောင့်လည်း လူသားချင်းစာနာထောက်ထားသောအားဖြင့် ရေရှားပါးရာဒေသများသို့ ရေများသွားရောက်လှူဒါန်းကြလေ့ရှိပါသည်။ ရေရှားပါးရာမြို့ရွာအသီးသီးသို့ ဌာနဆိုင်ရာများအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလအလှူရှင်များအဖြစ် လည်းကောင်း၊ ရေသန့်ကားများဖြင့် သွားရောက်ကာလှူဒါန်းနေကြပြီဖြစ်ပါသည်။

ဗုဒ္ဓစာပေကျမ်းဂန်၌ ရေလှူဒါန်းခြင်းဖြင့် အကျိုး ၁၀ ပါး ရရှိနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ရေလှူဒါန်းခြင်းဖြင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ကျော်စောထင်ရှားခြင်း၊ ကြီးပွားချမ်းသာခြင်း၊ အခြံအရံများခြင်း၊ လျင်မြန်ဖျတ်လတ်သွက်လက်ပေါ့ပါးခြင်း၊ ရေငတ်မွတ်သိပ်မှုကင်းဝေးခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းတည်းဟူသော အကျိုး ၁၀ ပါးကို ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရေလှူဒါန်းခြင်းသည် လူသားချင်းစာနာမှု ထောက်ပံ့ပေးခြင်း အကူအညီလည်း ဖြစ်ပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ရေသည်ခွန်အားကိုဖြစ်စေသည်ဟု ဆိုထားပါသည်။ ရေကိုချိုးသည်ဖြစ်စေ၊ သောက်သုံးသည်ဖြစ်စေ ခွန်အားကိုအမှန်တကယ် တိုးပွားစေနိုင်ပါသည်။ စိတ်ကိုရွှင်လန်းတက်ကြွစေပါသည်။ သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းတရားကိုဖြစ်စေနိုင်ပါသည်။ အချို့သော ပညာရှင်တို့က ရေကိုဆေးအဖြစ်လည်းသုံးနိုင်သည်ဟု ဆိုထားပါသည်။ ထို့ကြောင့်လည်း ရေလှူဒါန်းကြသူများသည် ရေ၏အကျိုးအာနိသင်အတိုင်း ကုသိုလ်အကျိုးတရားများ ပြန်လည်ရရှိသည်ဟု ဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ရေလှူဒါန်းခြင်းအလုပ်သည် ကုသိုလ်ရေးအလုပ်လည်းဖြစ်၊ လူမှုရေးအလုပ်လည်း ဖြစ်ပါသည်။ လူမှုရေးအရ ဝိုင်းဝန်းကူညီပေးခြင်းသည် မွန်မြတ်သောအလုပ်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်များအတွင်း မှတ်သုံ့အဝင်နောက်ကျလာသည်ကို တွေ့ရှိရပေသည်။ ယခုနှစ်တွင်လည်း မှတ်သုံ့အဝင်နောက်ကျလိမ့်မည်ဟု ပညာရှင်များက တွက်ဆထားကြပါသည်။ မိုးဖြိုင်ဖြိုင်မရွာသွန်းမီ ရေလိုအပ်ချက်များရှိနေဦးမည်ဖြစ်ပါသည်။

သို့ပါ၍ ရေရှားပါးရာဒေသများသို့ ကုသိုလ်လည်းရ၊ မွန်မြတ်သော လူမှုရေးအလုပ်လည်းဖြစ်သည့် ရေလှူဒါန်းခြင်းအလုပ်ကို ဝိုင်းဝန်းကူညီပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ အလုပ်အကိုင်နှင့် နေရာထိုင်ခင်း အဆင်ပြေရရှိနိုင်ရေးနှင့် ပြည်သူ့ဆေးရုံလူနာဆောင်များ တိုးချဲ့နေသည့်စီမံကိန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းနှင့် ဆူးလေဆိပ်ကမ်းတို့မှ ပြည်ပမှ သွင်းကုန်များကို ရေကြောင်းမှ သယ်ယူပြီး တိုင်းဒေသကြီးအတွင်း သာမက အနယ်နယ်အရပ်ရပ်သို့ တင်ပို့နိုင်မည့် စက်မှုဝန်ကြီးဌာနပိုင် အင်းစိန်ဖော့ကန်ကုန်းတွင်း ကုန်တင်ကုန်ချဆိပ်ကမ်း (Dry Port) တည်ဆောက်နေသည့် အခြေအနေအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများသည် မေ ၇ ရက် နံနက် ၁၀ နာရီတွင် သွားရောက်စစ်ဆေး၍ ဆွေးနွေးတိုင်ပင်ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် အင်းစိန်ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့တည်ဆောက်မည့် စီမံကိန်းနှင့်ပတ်သက်၍ သွားရောက်စစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လှိုင်သာယာစင်မှုဇုန်ရှိ ဝန်ထမ်းများအား ငှားရမ်းပေးမည့် အိမ်ရာဆောက်လုပ်မှုများနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဒဂုံဆိပ်ကမ်းရှိ ဧရာဝဏ်-ရတနာ အထပ်မြင့်အိမ်ရာ စီမံကိန်းဆောက်လုပ်မှုအား သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးများက အိမ်ရာစီမံကိန်းအနေဖြင့် တစ်ထပ်လျှင် ၂၄ ခန်းပါ ၁၈ ထပ်၊ အဆောက်အအုံ စုစုပေါင်း ၄၉ လုံး တည်ဆောက်မည်ဖြစ်ရာ လျှပ်စစ်မီး၊ သောက်သုံးရေ၊ ဆေးရုံ၊ စာသင်ကျောင်း စသည့် လိုအပ်ချက်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ရေးနှင့်ပတ်ဝန်းကျင်တွင်လည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး စီစဉ်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးညှိနှိုင်းမှာကြားကြောင်း သိရသည်။

**(သတင်းစဉ်)**

# သတင်းသမားများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေရေးရာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းတို့ပူးပေါင်း၍ သတင်းသမားများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေရေးရာဆွေးနွေးပွဲကို မေ ၈ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ၌ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက မိန့်ခွန်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Communication Coordinator Mr.Michel O-Brien တို့က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မွန်းဦးနဒီ**


# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ



**ပဲခူး မေ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထက (၃) ကျောင်း၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မေ ၉ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပဲခူးခရိုင်ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၃ ဦး ယှဉ်ပြိုင်ခဲ့ရာ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ ပဲခူးမူးယစ်တပ်ဖွဲ့စု (၃၆) မှ ဒုရဲမှူး ကိုကိုလေးနှင့် ဒိုင်အဖွဲ့ဝင်များ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**




# ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ပြပွဲကျင်းပမည်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Build Tech Yangon 2015 အမည်ရှိဆောက်လုပ်ရေးပြပွဲကို မေ ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ နံနက် ၁၀ နာရီ မှ ညနေ ၆ နာရီထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဆောက်လုပ်ရေးကဏ္ဍနှင့် သက်ဆိုင်သောအကြောင်းအရာများကို မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ဆောက်လုပ်ရေးနယ်ပယ်မှ ပညာရှင် ၂၀ ခန့်က ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ တက်ရောက်သူ မြန်မာလူငယ်အင်ဂျင်နီယာများသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှသတ်မှတ်ပေးထားသည့် CPD hour များချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဂျာမနီ၊ ကိုရီးယား၊ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၁၅၀ ကျော်မှ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာများ ပြသသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ အင်အား ၄၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်များကို သိရှိလိုပါက www.btyangon.com သို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀-၁၁၁၈ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၇၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၂၁၀၀ |
| အာလူး (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၆၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀-၆၈၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၃၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ တင်ပြသည်။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုံရှမ်းဘာသာဖြင့် ပိဋကတ်သုံးပုံ ကျောက်စာတိုင် စိုက်ထူပူဇော်

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ပိဋကတ်တိုက်တော်သို့ ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဂုံရှမ်းဘာသာဖြင့် စိုက်ထူပူဇော်နေသည့် ပိဋကတ်သုံးပုံ ကျောက်စာတိုင်ကို ရွှေသက်နန်းကပ်လှူ၍ စိုက်ထူပူဇော်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုံရှမ်းဘာသာဖြင့် စိုက်ထူပူဇော်နေသည့် ပိဋကတ်သုံးပုံ ကျောက်စာတိုင်ကို စိုက်ထူပူဇော်စဉ်။** (သတင်းစဉ်)

# လော့စ်အိန်ဂျယ်လိစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်

**နေပြည်တော် မေ ၉**

အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းတွင်ကျင်းပရာ အဆိုပါအခမ်းအနားသို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီ၊ ကြီးကြပ်ရေးမှူးဘုတ်အဖွဲ့နာယက မစ္စတာမိုက်ကယ်ဒိအန်တိုနိုဗစ်ချ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂၇)မှ အမေရိကန်ကွန်ဂရက် လွှတ်တော်အမတ် ဒေါက်တာဂျူဒီချူးနှင့် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ သံတမန်များ၊ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် မြန်မာအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးကျော်တင်၊ အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီ၊ ကြီးကြပ်ရေးမှူးဘုတ်အဖွဲ့နာယက မစ္စတာ မိုက်ကယ်ဒိအန်တိုနိုဗစ်ချ်၊ ကယ်လီဖိုးနားယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂၇)မှ အမေရိကန်ကွန်ဂရက် လွှတ်တော်အမတ် ဒေါက်တာဂျူဒီချူးနှင့် လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဇံတို့က ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားသည်။

လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို အမေရိကန်အနောက်ဘက် ကမ်းခြေဒေသ၌ ပထမဦးဆုံးဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသ၌ နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာ-အမေရိကန် အသိုင်းအဝိုင်းတို့၏ အကျိုးစီးပွားနှင့် ကောင်စစ်ရေးရာကိစ္စရပ်များကို လျင်မြန်စွာပံ့ပိုးပေးနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ ကောင်စစ်နယ်မြေများအဖြစ် အလက်စကာ၊ အာရီဇိုးနား၊ ကယ်လီဖိုးနီးယား၊ ဟာဝိုင်ယီ၊ နယူးမက္ကဆီကို၊ အော်ရီဂွန်၊ နီဗားဒါး၊ ဝါရှင်တန်နှင့် အမေရိကန် အုပ်ချုပ်ရေးနယ်မြေ သုံးခုဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန် ဆာမိုအာ၊ ဂူအမ်နှင့် မြောက်ပိုင်း၊ မာရီနတ်စ်ကျွန်းများ (မာရှယ်ကျွန်းများ) ပါဝင်သည်။ **(သတင်းစဉ်)**

# ဒသမအကြိမ် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၉**

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group )၏ သုတစွယ်စုံစာအုပ်တိုက်ကချီးမြှင့်မည့် ဒသမအကြိမ် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများ စာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ၈-၅-၂၀၁၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် ဒေါက်တာမောင်မောင်ညို၊ စာပဒေသာဘာသာရပ်အတွက် ကျော်သူ၏ 'ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်. . .'၊ လူမှုစီးပွားဘာသာရပ်အတွက် နေဇင်လတ်၏ 'ရွှေရတုလက်ရွေးစင်ဆောင်းပါးများ(၁)နှင့် (၂)'၊ လူငယ်စာပေအတွက်တင်စိန်(ပထဝီဝင်)၏ 'ဖော့စ်ဘွတ်ခ်သက်ရောက်မှု'၊ နိုင်ငံရေးစာပေအတွက် မြတ်ခိုင်၏ 'ဦးခင်ညွန့်နှင့်အင်တာဗျူး'၊ ဝိဇ္ဇာဘာသာရပ်အတွက် ပန်းချီလှတင်ထွန်း၏ 'မြန်မာပန်းချီရေစီးကြောင်း'၊ အသုံးချသိပ္ပံဘာသာရပ်အတွက် ပါမောက္ခ ဒေါက်တာခင်မကြီး၏ 'ပြည်သူ့အတွက် ဆေးဝါးဗေဒ'တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို ယခင်နှစ်က ချီးမြှင့်သည်ထက် ဆုငွေတိုးမြှင့်၍ တစ်သက်တာ စာပေဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ ယခုလအတွင်း ကျင်းပရန်စီစဉ်လျက်ရှိ၍ ဆုချီးမြှင့်မည့်ရက်၊ အချိန်နှင့်နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း -၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၉၂၉၂၀၊ ၃၇၄၄၀၀ သို့ အမြန်ဆက်သွယ် သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ဒသမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် အတ္ထုပ္ပတ္တိစာပေ၊ ဘာသာပြန်၊ ရည်ညွှန်းစာပေ၊ နိုင်ငံတကာရေးရာနှင့် သုတသိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခုနစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆု ၂၀၁၄ ဘာသာပြန်စာမူဆုအတွက် ပြဋ္ဌာန်း

**ရန်ကုန် မေ ၉**

၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူအတွက် FRED PEARCE ရေးသားပြုစုထားသည့် "When the Rivers Run Dry" စာအုပ်တွင် ပါရှိသည့် အခန်းများအနက် အခန်းခြောက်ခန်းမှ အသင့်တော်ဆုံးဆောင်းပါး ၁၀ ပုဒ် ကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း၊ အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ (ငါးရာ့ငါးဆယ်ကျပ်တိတိ)ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူကို သတ်မှတ်ထားသည့်ပုံစံဖြင့်သာ လက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန် တွင် ငွေကျပ် ၁၀၀ (ကျပ်တစ်ရာတိတိ) ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၁၁၀၀ ကို (ကျပ်တစ်ထောင့်တစ်ရာတိတိ) ငွေပို့လွှာဖြင့် ဉက္ကဋ္ဌ၊ စာပေအုပ် ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေ ဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည် လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၉ သို့လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို၁၁-၉-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အထက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ဦးဇော်ဇော်က ယခုဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းယူ -၂၃ အသင်း၊ ယူ-၂၀ အသင်းများအနေဖြင့် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ရလဒ်ကောင်းများရရှိပြီး အောင်မြင်မှုရရှိရန် ကြိုးစားကြစေလိုကြောင်း အဓိကအားဖြင့် စည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက်များ မရှိအောင် ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားကို ယူ -၁၈ အသင်းလည်း တက်ရောက်လာသည့်အတွက် လူငယ်ကစားသမားများ အတုယူနိုင်မည့် စံပြကစားသမားများ ဖြစ်စေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အေဗရာမိုဗစ်၊ ဒုတိယအသင်းခေါင်းဆောင် ဝင်းမင်းထွန်း၊ မြန်မာယူ -၂၃ အသင်း နည်းပြချုပ် ဦးကြည်လွင်၊ အသင်းခေါင်းဆောင် နေလင်းထွန်း၊ မြန်မာယူ -၂၀ အသင်းနည်းပြချုပ် ဂဝတ်ဖရိုင်းဒရစ်၊ အသင်းခေါင်းဆောင် နန္ဒကျော်၊ မြန်မာယူ-၁၈ အသင်းနည်းပြချုပ် ဦးသန်းထိုက်နှင့် အသင်းခေါင်းဆောင် ရဲရင့်ထွန်းတို့ တက်ရောက်ခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လအတွင်းယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲမတိုင်မီ မေ ၁၇ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်သည်။ တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲအချို့ ထပ်မံကစားမည်ဖြစ်သည်။

စင်ကာပူဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ- ၂၃ အသင်းမှာမူ ဆားဘီးယားနှင့် ဂျပန်ခရီးစဉ်များ ပျက်ပြယ်ခဲ့သောကြောင့် မေ ၁၂ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်သည်။ ယင်းနောက် မြန်မာယူ - ၂၃ အသင်းသည် ဗီယက်နမ်ယူ-၂၃ အသင်းနှင့် မေ ၂၂ ရက်တွင် ဟိုချီမင်းမြို့၌ ခြေစမ်းမည်ဖြစ်ပြီး ဗီယက်နမ်ခြေစမ်းခရီးစဉ်၌ ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

ယူ -၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းသည် ဩစတြေးလျနိုင်ငံ၌ ၁၀ ရက်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာယူ- ၁၈ အသင်းသည် လက်ရှိ၌ MNL လူငယ်ပြိုင်ပွဲကို ယှဉ်ပြိုင်နေပြီး ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ခြေစမ်းပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာ ယူ-၂၃ အသင်းနှင့် မြန်မာယူ-၂၀ အသင်းတို့သည် မေ ၁၁ ရက်၌ ခြေစမ်းကစားရန် စီစဉ်ထားသည်။

**သတင်း- ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- ဖိုးသော်ဇင်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သာစည်မြို့နယ် စည်းခုံစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူမည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။

(ပြန်/ဆက်)



**နေပြည်တော် မေ ၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၈ နာရီ ခွဲတွင် သာစည်မြို့နယ် ညောင်ရမ်း(ဈေး)ကျေးရွာအုပ်စုရှိ စည်းခုံစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ သာစည်မြို့ ရေအားလျှပ်စစ်ကျောင်းဆရာတော် ဦးကဝိန္ဒာစာရအမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး သာစည်မြို့နယ်ရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်များထံ ဆက်ကပ်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် စည်းခုံစေတီတော်ကြီး၏ ဦးဆောင်ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒိသာရထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မဟာဓမ္မိကာ ရာမတိုက် မိတ္ထီလာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇနပီယဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူခဲ့ကြသည်။

**(သတင်းစဉ်)**

# အားမာန်အပြည့် ယှဉ်ပြိုင်နေဆဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**သတင်း**
**မောင်မောင်မြင့်ဆွေ၊ သက်မွန်ဦး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**နေပြည်တော် မေ ၉**

နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေ၌ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အဆို၊ အက၊ အရေးအတီးပြိုင်ပွဲဝင်သံများက လွှင့်ပျံ့လျက်ရှိသည်။ ချစ်ကြည်ရင်းနှီးစွာ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေမှုများက ကြည်နူးဖွယ်ရာမြင်ကွင်းပင်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ၏ တိုင်းရင်းသားရိုးရာဝတ်စုံများဝတ်ဆင်ကာ စင်မြင့်ထက်၌ ပြိုင်ပွဲဝင်နေမှုပုံရိပ်များက အနာဂတ်မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများအတွက် ဖော်ညွှန်းနေသည့် နိမိတ်ပုံများပင်ဖြစ်သည်။



**အခြေခံ ပညာ (၁၅-၂၀) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဆုဆုမွန်ထက် သီဆိုယှဉ်ပြိုင်စဉ်။**

မေ ၉ ရက်သည် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပသည့် တတိယမြောက်နေ့ဖြစ်သည်။ ပြိုင်ပွဲများကျင်းပရာ ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်ခန်းမဆောင်များသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးရန်နိုင်ဦးနှင့် အနုပညာကို ချစ်ခင်မြတ်နိုးသူများက ကြည့်ရှုအားပေးကြသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရွှေရတုခန်းမ) ၌ အကပြိုင်ပွဲများကို မေ ၉ ရက် နံနက် ၉ နာရီမှစတင်ကျင်းပရာ ဝါသနာရှင်(ဒုတိယတန်း) (မ) အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မခိုင်နှင်းနုလွင်၊ ကယားပြည်နယ်မှ ဒေါ်ထိုက်ထိုက်အိ၊ ကရင်ပြည်နယ်မှ မပွင့်ဦးငယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဇာဇာဝင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ မကေခိုင်စိုး၊ ပဲခူးတိုင်းဒေသကြီးမှ မဖြူးဗိုလ်မ၊ မန္တလေးတိုင်းဒေသကြီးမှ မရွှေရည်လင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မဇင်ယော်မေ၊ မကွေးတိုင်းဒေသကြီးမှ မနေခြည်ဝင်းတို့ ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်တစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားမှု၊ ကကြိုးကကွက်ကောင်းမွန်မှုတို့ကို တွေ့မြင်ရသည်။

"ပြိုင်ပွဲကို အကောင်းဆုံးယှဉ်ပြိုင်မှာဖြစ်ပြီး အကနည်းပြနဲ့ စနစ်တကျ သင်ယူလေ့ကျင့်ခဲ့တာမို့ ယုံကြည်မှုအပြည့်ရှိပါတယ်" ဟု ဝါသနာရှင်(ဒုတိယတန်း) (မ) အကပြိုင်ပွဲဝင်မည့် ကချင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင် ဒေါ်ခင်နှင်းနုလွင်က ပြောသည်။ ပြိုင်ပွဲဝင်ရန် အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေသော်လည်း တည်ငြိမ်မှုရှိနေသည်။

ယနေ့ အကပြိုင်ပွဲတွင် အခြေခံပညာ (၁၅-၂၀) (ကျား)၌ ကချင်၊ မွန်နှင့် ရခိုင်ပြည်နယ်၊ တနင်္သာရီ၊ မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားပြုပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြသည်။ တစ်ဖန် အကအခြေခံပညာ (၁၀-၁၅) (ကျား)တွင် ကယား၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားပြုပြိုင်ပွဲဝင်များက အားမာန်အပြည့်ပါဝင်ယှဉ်ပြိုင်ကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁) ၌ ပြုလုပ်သည့် အရေး၊ဝါသနာရှင် (ဒုတိယတန်း) (ကျား၊မ) တေးသီချင်းလေ့ကျင့်မှုတွင် ကယားပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင် ဦးအောင်ကျော်ဌေးက "ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ရတာ တော်ရုံစိတ်ဓာတ်နဲ့ ဝါသနာရှိရုံနဲ့ လာပြိုင်လို့ မရနိုင်ပါဘူး။ အခက်အခဲတွေရှိပေမယ့် ကျော်လွှားပြီး ယှဉ်ပြိုင်ရတာပါ။ဒီပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားအားထုတ်ထားပါတယ်" ဟု ပြောသည်။ သီချင်းစာသားရေး၊ တေးသွားထည့်ရသည်မှာ လွယ်ကူသည့်အရာမဟုတ်ကြောင်း အကြိမ်ကြိမ်သီချင်းတိုက်နေကြသည်ကို မြင်တွေ့ရခြင်းဖြင့် သိရသည်။

ဆက်လက်ပြီး သစ်တောသုတေသန(စုဝေးခန်းမ) ၌ ကျင်းပသည့် ဆိုင်း အဖွဲ့လိုက်ဝါသနာရှင် (ဒုတိယတန်း) ပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အခြေခံပညာ(၁၀-၁၅) (ကျား) ပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အခြေခံပညာ( ၁၀-၁၅)(မ) ပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အခြေခံပညာ(၁၅-၂၀) ကျားပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အခြေခံပညာ (၁၅-၂၀) (မ) ပြိုင်ပွဲများမှာ အကြိတ်အနယ်ရှိသည်။ ဆိုင်းဝိုင်းအဖွဲ့လိုက် တိကျမှန်ကန်သောအချီအချ၊ စည်းဝါးဝင်ထွက်မှု၊ တီးလုံးပီပြင်ပြတ်သားမှုများဖြင့် ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက် ဝါသနာရှင် (ဒုတိယတန်း) (ကျား) ပြိုင်ပွဲဝင်ပြီးသူ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသူဗိုလ်က "တိုင်းအဆင့်ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပြီး အခုလိုနိုင်ငံတော်အဆင့် တက်ရောက်ခဲ့တာပါ။ ၂၀၁၂ ခုနှစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ဖူးပါတယ်၊ ဒီနှစ်မှာလည်း လေ့ကျင့်မှုအပြည့်နဲ့ ယှဉ်ပြိုင်ရတာမို့ ဆုရရှိမယ်လို့ မျှော်မှန်းမိပါတယ်" ဟု ပြောသည်။

တစ်ဖန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ ကျင်းပနေသည့် တယောပြိုင်ပွဲသို့ရောက်ရှိခဲ့သည်။ ညင်သာနွဲ့ပျောင်းသောသံစဉ်နှင့်အတူ ရင်ထဲအထိ စီးမျောဝင်ရောက်လာသည့် တယောပြိုင်ပွဲဝင်တစ်ဦး၏လက်သံကို ကြားရသည်။ ပြိုင်ပွဲဝင်ပြီးစင်မြင့်ထက်မှ ဆင်းလာသဖြင့် မေးကြည့်ရာ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု တယောပြိုင်ပွဲဝင် ဦးသန့်ဇော်ဖြစ်သည်။

"နိုင်ငံတော် အဆင့်ပြိုင်ပွဲမှာ တယောနဲ့ပတ်သက်ပြီး ရွှေတံဆိပ်သုံးဆုရရှိခဲ့ဖူးပါတယ်၊ အခုလည်း တယောတီးပြိုင်ပွဲမှာ အမှားအယွင်းမရှိပြိုင်ပွဲဝင်နိုင်ခဲ့လို့ ကျေနပ်အားရမိပါတယ်။ ဆုကိုလည်း မျှော်မှန်းမိပါတယ်" ဟု တယောပြိုင်ပွဲဝင် ဦးသန့်ဇော်က ပြောသည်။




**ဝါသနာရှင် ပထမတန်း အမျိုးသား တယောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးသန့်ဇော်၏ တီးခတ်ဟန်။**

ဆက်လက်ပြီး အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ) သို့ရောက်ရှိခဲ့သည်။ ကြည်လင်ပြီး အသံအနိမ့်အမြင့် စည်းဝါးအဝင်အထွက် မှန်ကန်စွာ သီဆိုပြိုင်ပွဲဝင်နေသူတစ်ဦးကို မြင်တွေ့ရသည်။ ဗဟိုအဆင့် ပြိုင်ပွဲဝင်သူများဖြစ်ရာ အတော်ဆုံး၊ အကောင်းဆုံးများ ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

အဆိုပြိုင်ပွဲအဖြစ် ကာလပေါ် ဝါသနာရှင်(ပထမတန်း)၊ ကာလပေါ် အခြေခံပညာ(၁၅-၂၀) (ကျား)ကာလပေါ်အဆင့်မြင့်ပညာ(မ) ပြိုင်ပွဲများကျင်းပပြီး အကဲဖြတ်ပညာရှင်များဆုံးဖြတ်ရခက်သော အရည်အချင်းပြည့်ဝသည့် ပြိုင်ပွဲဝင်များပင်ဖြစ်သည်။

စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)၌ ပတ္တလားပြိုင်ပွဲကျင်းပလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်အေးခိုင်(ခ) ဦးအေးနိုင်၊ မကွေးတိုင်းဒေသကြီးမှ ဦးလှကြည်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ပတ္တမြားလှိုင်မင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်ပြီး ပတ္တလားအဆင့်မြင့်ပညာ(မ) ပြိုင်ပွဲ၊ အဆင့်မြင့်ပညာ(ကျား) ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်များ အားမာန်အပြည့်ဖြင့် ကြိုးစားပြိုင်ပွဲဝင်လျက်ရှိသည်။

**(မြန်မာ့အလင်း)**

## ■ *ကျော့ဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ငါးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး ထိုင်းအသင်းနှင့် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ပြီးခဲ့သည့် နှစ်ကြိမ်တွေ့ဆုံမှုအနက် ၂၀၀၇ ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် မြန်မာအသင်းအနိုင်ရခဲ့သော်လည်း ၂၀၁၁ ပြိုင်ပွဲဗိုလ်လုပွဲ၌ နှစ်ဂိုး-တစ်ဂိုးဖြင့် မြန်မာတို့ ရှုံးနိမ့်ခဲ့သည်။ ထိုင်းအသင်းမှာ ဗိုလ်လုပွဲအဆင့်ကို သုံးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံ တစ်ကြိမ်၊ ဒုတိယ တစ်ကြိမ်၊ တတိယသုံးကြိမ်ရရှိထားသည်။ မြန်မာအသင်းမှာ ချန်ပီယံနှစ်ကြိမ်၊ ဒုတိယနှစ်ကြိမ် ရရှိထားသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးပွဲစဉ်နှင့် ၂၀၁၄ အာရှဖလားပြိုင်ပွဲအုပ်စုပွဲတို့၌ တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ ယင်းနှစ်ပွဲစလုံး၌ ရှုံးနိမ့်ခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ၂၀၁၄ ဇူလိုင်လ၌ကစားခဲ့သော ခြေစမ်းပွဲနှင့် ယခုပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ ကစားခဲ့သော ခြေစစ်ပွဲတို့တွင် မရှုံးအောင်ကစားနိုင်ခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲ သရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် ဆီမီးပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းနှင့် နိုင်လိုစိတ်ပြင်းထန်မှုတို့ကိုပြသနိုင်ခဲ့ပြီး ယခုဗိုလ်လုပွဲတွင်လည်း ယင်းကဲ့သို့ ကစားနိုင်ခဲ့ပါက ၂၀၀၇ နောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်မည်ဖြစ်ပါကြောင်း။

# မိုဒီ နဲ့ ရှီ တို့ တူရိယာမဲ့ဂီတကို ဖန်တီးနိုင်မည်လား

**မာန်သစ်နိုး**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ခြင်းဟူသည် ထိုနိုင်ငံ၏စီးပွားရေး အင်အားကောင်းမွန်ခြင်း၊ စစ်ရေးအင်အားကောင်းမွန်ခြင်း၊ နိုင်ငံတော်ကို အကျိုးပြုမည့် ပညာရှင်များမွေးထုတ်ပေးနိုင်ခြင်း၊ အခြားနိုင်ငံများ၊ အခြားအဖွဲ့အစည်းများဖြင့် မည်သည့်ကိစ္စကိုမဆို လက်တွဲဆောင်ရွက်နိုင်ခြင်း၊ စစ်မှန်သောခေါင်းဆောင်မှုပေးနိုင်သူများ ရှိခြင်းတို့အပေါ်တွင် မူတည်သည်ဟု ဆိုချင်သည်။ ထို့အတူ ကမ္ဘာကြီး၏ နေ့စဉ်ဖြစ်ရပ်များကို မျက်ခြည်မပြတ်ဘဲ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ မူဝါဒကို အသေဆုပ်ကိုင်မထားဘဲ ရံခါပြောင်းလဲစီမံ ဖန်တီးရန်လည်း လိုအပ်သည်။ ထိုအခါမျိုးတွင် တည်ငြိမ်သော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်တည်လာပေမည်။

ထိုနိုင်ငံမျိုး အာရှတွင်ရှိသည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ထို့အပြင်လည်း ယင်းနှစ်နိုင်ငံက စနစ်အားဖြင့်လည်း ထူးခြားသည်။ အိန္ဒိယက ပါတီစုံဒီမိုကရေစီစနစ်၊ တရုတ်က တစ်ပါတီကွန်မြူနစ်စနစ်၊ ပြီးခဲ့သည့်နှစ် ၂၀၁၄ မေလတွင် အိန္ဒိယနိုင်ငံ၏ ၁၄ ယောက်မြောက်ဝန်ကြီးချုပ်ဖြစ်လာသူက နာရန်ဒြာမိုဒီဖြစ်သည်။ သူက ဘီဂျေပီပါတီမှဖြစ်သည်။ ယင်းပါတီသည် ဟိန္ဒူအမျိုးသားရေးဝါဒကို အသားပေးသည့်အပြင် အိန္ဒိယနိုင်ငံ၏ လက်ယာစွန်းအတိုက်အခံပါတီလည်းဖြစ်သည်။ ဆယ်စုနှစ်တစ်ခုခန့် အာဏာရခဲ့သော အိန္ဒိယကွန်ဂရက်ပါတီအပေါ် မိုဒီ၏ ဘီဂျေပီပါတီနှင့် မဟာမိတ်များက အပြတ်အသတ်အသာစီးရခဲ့ခြင်းလည်းဖြစ်သည်။

မိုဒီက အိန္ဒိယနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှု များအတွက် တိုက်ပွဲဝင်ခဲ့သူလည်းဖြစ်၊ ဂူဂျာရက်ပြည်နယ်၏ဝန်ကြီးချုပ် (chief minister) လည်းဖြစ်ခဲ့သူဖြစ်သည်။

အိန္ဒိယနိုင်ငံ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မည်ဟု ပြည်သူလူထုက မိုဒီအပေါ်တွင် ယုံကြည်ခဲ့ကြသည်။ ရွေးကောက်ပွဲကာလတွင် မိုဒီ၏ ဘီဂျေပီပါတီက မဲအပြတ်အသတ်ဖြင့် နိုင်ချေရှိသည့် ကောလာဟလထွက်လာချိန်မှာပင် စတော့ဈေးကွက်နှုန်းထားများလည်း စံချိန်တင်တစ်ဟုန်ထိုး ထိုးတက်သွားခဲ့သည်။ ယခင်လက်ဝဲယိမ်းညွှန့်ပေါင်းအစိုးရ၏ ဆယ်စုနှစ်တစ်ခုအကြာ အုပ်ချုပ်မှုကာလအလွန်တွင် မိုဒီဦးဆောင်သောအစိုးရအောက်၌ စီးပွားရေး ပိုမိုကောင်းမွန်ဖွယ်ရာရှိသည်ဟူသော မျှော်လင့်ချက်များကြောင့် ထိုကဲ့သို့တက်သွားခြင်းလည်း ဖြစ်ပေသည်။

“မိုဒီ မဲအသာရထားတာက တည်ငြိမ်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာဖို့ အလွန်အရေးပါပါတယ်။ မိုဒီအုပ်စုဝင်တွေက ကိုယ်ကျိုးမရှာကြပါဘူး။ ဒီအချက်က စီးပွားရေးဖွံ့ဖြိုးရေးနဲ့ ကောင်းမွန်တဲ့အစိုးရထွက်ပေါ်လာရေးအတွက် ပေါင်းစည်းအားပါပဲ။ စနစ်တစ်ရပ်လုံး အပြောင်းအလဲလုပ်ရမှာပါ။ ပြီးတော့ လုံ့လများစွာ စိုက်ထုတ်ဖို့လိုပါတယ်။ လာမယ့်အချိန်တွေမှာ စီးပွားရေးက ၁၀ ရာခိုင်နှုန်း ဖွံ့ဖြိုးဖို့ မမျှော်လင့်နိုင်ပါဘူး။ ဒါပေမယ့် တည်ငြိမ်တဲ့အစိုးရရှိလာပြီး အုပ်ချုပ်ပုံကောင်းရင် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ခုနစ်ရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်း ဖွံ့ဖြိုးမှာပါပဲ” ဟု ဟင်ဒူဂျာအုပ်စု တွဲဖက်ဥက္ကဋ္ဌ ဟင်ဒူဂျာကထိုစဉ်ကစီအင်န်အင်န်ကို ပြောပြခဲ့ဖူးပါသည်။

ဒါက အိန္ဒိယနိုင်ငံက ခေါင်းဆောင်ကောင်း မိုဒီအကြောင်းဖြစ်သည်။ တရုတ်နိုင်ငံဘက်ကိုလည်း တစ်ဖန်ပြန်ကြည့်သင့်သည်။

တရုတ်ပြည်တစ်ပြည်လုံးတွင် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးတက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၇၀၀၀ ကျော်မျှရှိသည်။ နိုင်ငံရေး သိပ္ပံပေါင်း ၃၀၀၀၀ ကျော်မျှ ထူထောင်ပညာပေးနေဆဲလည်း ဖြစ်သည်။ ထို့ပြင် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းကြောင်းကိုလည်း မီဒီယာနယ်ပယ်ပေါင်းစုံမှ နည်းလမ်းမျိုးစုံဖြင့် ဝါဒဖြန့်နေဆဲဖြစ်သည်။ သန်းနှင့်ချီသော မျိုးဆက်သစ် တရုတ်လူငယ်များအနေဖြင့် ဘဝရပ်တည်ရေးအတွက် “ထက်မြက်ရေးသာမက နီစွေးရေး”ပါဖြစ်အောင် ကွန်မြူနစ်သင်တန်းကျောင်းတွင် ရှေ့တန်းရောက်အောင် ကြိုးပမ်းနေကြရသည်။ ထို့ကြောင့် ကွန်မြူနစ်ကေဒါသစ်များမှာ ယခင်လိုလယ်သမား၊ အလုပ်သမားများမဟုတ်ကြတော့ဘဲ မြို့နေဘွဲ့ရပညာတတ်များသာဖြစ်နေရတော့သည်။ ထို့ပြင် ယခုအခါ တရုတ်ပြည်ကြီးတွင် မော်စီတုံးနှင့် တိန့်ရှောင်ဖိန်တို့ကဲ့သို့ ထာဝရခေါင်းဆောင်ကြီးမျိုးကို မမွေးထုတ်တော့ပေ။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို အားမပေးတော့ပေ။

ဒီလိုလမ်းကြောင်းမျိုးမှလာခဲ့သူ တရုတ်သမ္မတမှာ ရှီကျင့်ဖျင် (Xi Jinping) ဖြစ်သည်။ ၁၉၅၃ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှာ မွေးဖွားခဲ့သူ ရှီကျင့်ဖျင်က နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့၊ ဥပဒေပါရဂူဘွဲ့ရခဲ့သူလည်း ဖြစ်ပါသည်။ သူက အောက်ခြေမှစတက်လာသည့် အောက်သက်ကျေသူ ကွန်မြူနစ်နိုင်ငံရေးသမားတစ်ဦးဆိုလည်း မမှားပေ။ ပါတီတွင်း သဘောတရားရေး တိုက်ပွဲတွင် မျှတသောအမြင်ဖြင့် ရပ်တည်ကာ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အလေးပေးသူဖြစ်သည်။

ယခုနှစ် မေလ ဒုတိယပတ်ခန့်တွင် အိန္ဒိယနိုင်ငံ၏ ၁၄ ဦးမြောက် ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ (Narendra Modi) က တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး အလည်အပတ်ခရီးသွားပေမည်။ မိုဒီသည် တရုတ်နိုင်ငံ၏ သတ္တမမြောက် သမ္မတရှီကျင့်ဖျင် (Xi Jinping) နှင့် တွေ့ဆုံကြ၊ ဆွေးနွေးကြပေမည်။ နိုင်ငံရေး၊ စီးပွားရေး၊ နယ်မြေအငြင်းပွားမှုစတာတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ဆွေးနွေးကြပေမည်။ ပရပ်ရှားဘုရင်ဖရက်ဒရစ် (Frederick the Great) ပြောဖူးသည့် စကားတစ်ခွန်းရှိသည်။ လက်နက်များမပါရှိသည့် သံတမန်နည်းလမ်းများဖြင့် နိုင်ငံရေးလုပ်ဆောင်မှုသည် တူရိယာပစ္စည်းများမပါသည့် ဂီတပင်ဖြစ်သည်။ (Diplomacy without arms is music without instruments) ဟူ၏။ ခုတော့ အရည်အချင်းပြည့်ခေါင်းဆောင်နှစ်ဦး တူရိယာမဲ့ဂီတတစ်ရပ်ကို ဖန်တီးတော့မည်။

တစ်ချိန်က အနောက်ဒီမိုကရေစီနိုင်ငံများနှင့်သာ ပလဲနံပသင့်ခဲ့သော အိန္ဒိယသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အရှေ့မျှော်မူဝါဒစတင်အကောင်အထည်ဖော်ရန် စိုင်းပြင်းလာသည်။

အမှန်စင်စစ်ယင်းမူဝါဒမှာ အိန္ဒိယအနေဖြင့် အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသမှ နိုင်ငံများနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်ရန် ဒီဇိုင်းဆင်ထားခြင်းဖြစ်သည်။ တစ်ဖက်ကကြည့်လျှင် မျက်မှောက်ခေတ် အာရှဒေသ၏ မဟာဗျူဟာ အခင်းအကျင်းမှာ ရှုပ်ထွေး၍ နက်နဲနေပြန်သည်။ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံက ၎င်းနှင့် ‘သမူဟကျ’ (Win-Win Situation) နိုင်မည့် ဒေသတွင်း နိုင်ငံများနှင့် အလုပ်လုပ်ရန် ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။ လူဦးရေ ၁ ဒသမ ၃၅ ဘီလီယံကျော်ကို ကွန်မြူနစ်ပါတီက နိုင်ငံရေး အရဘက်ပေါင်းစုံမှ ချုပ်ကိုင်ထားဆဲဖြစ်သည့် တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်က ဂျပန်နိုင်ငံကို ကျော်လွန်ကာ ကမ္ဘာ့ ဒုတိယစီးပွားရေးအင်အားအကြီးဆုံး နိုင်ငံနေရာကို အရယူသွားခဲ့ပြီဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို ကျော်လွှားကာ ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာဖွယ်ရှိသည်။ အမေရိကန်နိုင်ငံ၏ အကြီးဆုံးမြီရှင်လည်း ဖြစ်နေပြန်သည်။ ဒေသတွင်း အာဆီယံနိုင်ငံများနှင့် စီးပွားရေးလမ်းဖြောင့်အောင်လည်း လုပ်ကိုင်လျက်ရှိနေပြန်သည်။

ဤလို အခြေအနေမျိုးတွင် တိုင်းပြည်စီးပွားရေး ပိုမိုကောင်းမွန်စေရန် လူဦးရေ ၁ ဒသမ ၂ ဘီလီယံကျော်ရှိသော အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ်သစ်မိုဒီအနေဖြင့် တရုတ်ပြည်ကို ခြေဆန့်ခြင်းသည် တိုင်းရက်သည့် ပက္ကလာမိုးရွာသည်နှင့် အခန့်သင့်ဆိုသလိုဖြစ်ချေတော့သည်။

အမှန်စင်စစ် တရုတ်-အိန္ဒိယဆက်ဆံရေးသည် သမိုင်းစဉ်တစ်လျှောက် ပျော်ရွှင်စရာများဖြင့် ပြည့်နှက်ခဲ့သည်မဟုတ်ပေ။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကူမင်တန်တို့ကို အနိုင်တိုက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (People's Republic of China) ကို တည်ထောင်ခဲ့သော တရုတ်သည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗြိတိသျှထံမှ လွတ်လပ်ရေးရခဲ့သော အိန္ဒိယသမ္မတနိုင်ငံ (Republic of India) နှင့် ၁၉၅၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့ကျမှ သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူငါးချက် (Five Principles of Peaceful Coexistence) အပေါ်တွင် ရပ်တည်ခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*



> **တိုင်းပြည်စီးပွားရေး ပိုမိုကောင်းမွန်စေရန် လူဦးရေ ၁ ဒသမ ၂ ဘီလီယံကျော်ရှိသော အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်သစ် မိုဒီအနေဖြင့် တရုတ်ပြည်ကို ခြေဆန့်ခြင်းသည် တိုင်းရက်သည့် ပက္ကလာမိုးရွာသည်နှင့် အခန့်သင့်ဆိုသလို ဖြစ်ချေတော့သည်**

## အီရတ်နိုင်ငံ ဒိုင်ယာလာအကျဉ်းထောင်ဖောက်မှု လူ ၃၀ သေဆုံး

**ဘာကျူဘာ အီရတ် မေ ၉**

အီရတ်အရှေ့ပိုင်း ဒိုင်ယာလာပြည်နယ်တွင် အကြမ်းဖက်မှုဖြင့် ထိန်းသိမ်းထားသည့် အကျဉ်းသား ၁၅၀ ကျော်တို့ အကျဉ်းထောင်ဖောက်မှုဖြစ်ပွားခဲ့ရာ အီရတ်လုံခြုံရေးအင်အားစုများက ထိန်းသိမ်းရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး လူ ၃၀ အထိ သေဆုံးခဲ့သည်ဟု ပြည်နယ်လုံခြုံရေးဌာနက စနေနေ့က ပြောကြားခဲ့သည်။

ဘဂ္ဂဒက်အရှေ့မြောက်ဘက်မှ ၆၅ ကီလိုမီတာအကွာ ဘာကျူဘာမြို့အနောက်ဘက် ခါလစ်မြို့ရှိ အကျဉ်းထောင်၌ သောကြာနေ့ည နှောင်းပိုင်းတွင် ကင်းလှည့်နေသောအစောင့်ထံမှသေနတ်ကို အကျဉ်းသားတစ်စုကလုယူပြီး ထောင်ဖောက်ရန် ကြိုးပမ်းခဲ့ကြသည်ဟု သိရသည်။

အကျဉ်းသားများသည် ထောင်အတွင်းရှိ ဌာနများကို စီးနင်းခဲ့ကြပြီး လက်နက်များရယူက လေးနာရီကြာ လုံခြုံရေးအင်အားစုများနှင့် ပဋိပက္ခဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာသို့ အကူတပ်ဖွဲ့ဝင်များရောက်ရှိလာပြီးနောက်တွင် အခြေအနေကို ငြိမ်သက်အောင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အကျဉ်းသား ၂၀ နှင့် ရဲအရာရှိ ၁၀ ဦးတို့ သေဆုံးခဲ့ပြီး ရဲသား ၁၅ ဦးမက ဒဏ်ရာရရှိကာ အကျဉ်းသား ၁၅၀ အနက် အချို့မှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

(ဆင်ဟွာ)

## အိုဆာကာမြို့လယ်၌ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးတစ်လုံးတွေ့ရှိ

**အိုဆာကာ မေ ၉**

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တို့က အိုဆာကာမြို့ပေါ်သို့ ကြဲချခဲ့သည်ဟု ယူဆရပြီး မြေကြီးအောက်နစ်မြုပ်နေသော ဗုံးဟောင်းတစ်လုံးကို စနေနေ့က စနစ်တကျရှင်းလင်းခဲ့သည်။

တစ်တန်အလေးချိန်ရှိသော အဆိုပါဗုံးသည် ၁ ဒသမ ၈ မီတာရှည်ပြီး အချင်း ၆၀ စင်တီမီတာထိရှိကာ နာနီဝရပ်ကွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မတ် ၁၆ ရက်က တွေ့ရှိခဲ့ပြီး ၎င်းအနီးဝန်းကျင်ရှိလူပေါင်း ၂၂၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီးနောက် ဗုံးရှင်းလင်းရေးကို တာဝန်ရှိသူများက လုပ်ဆောင်ခဲ့သည်။

ဗုံးရှင်းလင်းနေစဉ် နှစ်နာရီအတွင်း အဆိုပါနေရာမှ မီတာ ၃၀၀ ဝန်းကျင်ထိ ဖြတ်သန်းသွားလာခြင်းမပြုရနေရာအဖြစ် သတ်မှတ်ခဲ့သည်။

(ကျိုဒို)

▲ *ရှေ့ဖုံးမှ*

ပြောကြားချက်များဖြင့် ဖော်ပြလိုက်ပါသည်။

**ဦးကျော်လွင်**
**ပြည်ထောင်စုဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

မြန်မာ-လာအို ချစ်ကြည်ရေး တံတားကြီးကို နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုနဲ့ တည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလမ်းညွှန်မှုနဲ့အညီ လာအိုကပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံက ဆောက်လုပ်ရေးဝန်ကြီးဌာနပေါင်းစပ်ပြီး တံတားနေရာရွေးတာကစပြီး တံတားကြီးအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့တဲ့အထိ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီတံတားကြီးကို မြန်မာနိုင်ငံဘက်ကနေပြီးတော့ တံတားတည်ဆောက်မှုအတွက် လိုအပ်တဲ့ ဒီဇိုင်းတည်ဆောက်မှုအားလုံးကို ဆောင်ရွက်တာဖြစ်ပါတယ်။ထို့အတူပဲ ဒီတံတားကြီး သံပေါင်တင်တာကလည်း မြန်မာနိုင်ငံက အင်ဂျင်နီယာများနဲ့ တင်ခဲ့တာဖြစ်ပါတယ်။ လိုအပ်တာကို နှစ်ဖက်ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့က တစ်ဝက်၊ တစ်ဝက်ဆိုတာ အလယ်က သံပေါင်အထိ ၃၆၀ မီတာရှိတယ်။ ဒါကျွန်တော်တို့ဘက်က တာဝန်ယူပြီးတော့ ဒီဘက်က မီတာ ၁၈၀ ရယ်၊ ချဉ်းကပ်လမ်းက ၁၈၀ ရယ် ဒါကို တာဝန်ယူတည်ဆောက်တာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်က တစ်ဝက်စီလို့ဆိုပေမယ့် တံတားတည်ဆောက်တာကတော့ စောစောကပြောသလို သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းနဲ့ ကတ္တရာခင်းတာကအစ ဒါတွေအားလုံးက ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က ဦးဆောင်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

ဒီတံတားကြီး ပြီးစီးတဲ့အတွက် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုကောင်းမွန်လာတာနဲ့အမျှ အာဆီယံနိုင်ငံများအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံသာမက ဗီယက်နမ်နိုင်ငံအထိ သွားလာနိုင်မယ့် အနေအထားရှိပါတယ်။ နောက်ပိုင်းမှာ မြန်မာနိုင်ငံကိုဖြတ်ပြီးတော့ အိန္ဒိယနိုင်ငံအထိသွားဖို့ အခွင့်သာလာတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးစဝ်အောင်မြတ်**
**ရှမ်းပြည်နယ်ဝန်ကြီးချုပ်**

မြန်မာ-လာအို ချစ်ကြည်ရေး တံတားကြီး ဖွင့်ပေးလိုက်တဲ့အတွက် ရှမ်းပြည်နယ်အတွက် အများကြီး အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီတံတားကြီးဟာ လာအိုနိုင်ငံကနေတစ်ဆင့် ဗီယက်နမ်၊ ဗီယက်နမ်ကနေတစ်ဆင့် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ နောက် အာဆီယံနိုင်ငံတွေကို ရေနက်ဆိပ်ကမ်းတွေက နေတစ်ဆင့် ကူးသန်းရောင်းဝယ်မှုအတွက် ပိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကို ဖြတ်သန်းပြီးတော့မှ ဒီလိုကူးသန်းရောင်းဝယ်မှုတွေ ရှိလာရင် လူတိုင်းရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ အကျိုးစီးပွားတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး လူတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့ တံတားကြီးဖြစ်တဲ့အတွက်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စားအများကြီး ဝမ်းသာကြောင်း ပြောကြားလိုပါတယ်။

ဒီတံတားကြီး စတင်တည်ဆောက်ဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၂ မတ်လမှာ သမ္မတကြီးနဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ် လိုက်ပါသွားတဲ့အခါမှာ လာအိုနိုင်ငံမှာ တံတားတည်ဆောက်ရေးအတွက် ပထမဆုံး နားလည်မှု MoU စာချုပ်ကို ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ရေးထိုးပြီးတဲ့နောက် ၂၀၁၃ ခုနှစ် အတွင်းမှာပဲ တံတားပန္နက်တိုင်တွေစပြီး ပန္နက်ရိုက်ခဲ့ကြတယ်။ တံတားကြီးဖြစ်ဖို့အတွက် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတိုင်းရင်းသား လုပ်သားပြည်သူတွေ၊ ဒေသက ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်များအားလုံး၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီးတော့မှ တက်ညီလက်ညီဆောင်ရွက်ခဲ့လို့ အမြန်ဆုံး ပြီးစီးခဲ့ခြင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

တံတား ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက နှစ်နိုင်ငံတံတားတည်ဆောက်တဲ့နေရာမှာ နည်းပညာပိုင်းဆိုင်ရာတွေ၊ တံတားရဲ့သံပေါင်၊ တံတားရဲ့ Construction လုပ်ငန်းပိုင်း ဆိုင်ရာတွေအတွက်ကို လိုက်လျောညီထွေ ဖြစ်အောင် နှစ်နိုင်ငံအင်ဂျင်နီယာတွေ၊ တံတားတာဝန်ခံ အင်ဂျင်နီယာတွေ ပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

တံတားကြီးဟာ ရှမ်းပြည်နယ်တစ်ခုတည်းတွင် မဟုတ်ပါဘူး။ အနောက်ဘက် ရခိုင်ပြည်နယ်မှာရှိတဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းအထိ ရည်မှန်းထားတာ ဖြစ်ပါတယ်။ နောက် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံအားလုံးဟာ လက်ယာကပ်မောင်းစနစ်ကို အသုံးပြုတဲ့အတွက် လမ်းကြောင်းနဲ့ မောင်းနှင်မှုတွေမှာလည်း အထူးလေ့ကျင့်စရာမလိုဘဲနဲ့ အဆင်ပြေသွားနိုင်တဲ့ နိုင်ငံတွေဖြစ်တဲ့အပြင် လာအိုကနေတစ်ဆင့် ဗီယက်နမ်၊ ဂျပန်နိုင်ငံဘက်အထိ၊ တစ်ခါ ရှမ်းပြည်နယ်ကနေ တစ်ဆင့်ကျောက်ဖြူရေနက်ဆိပ်ကမ်းကနေပြီးတော့ ဥရောပ၊ နောက်တစ်ခါ အာရှရဲ့ အလယ်ပိုင်းတွေဖြစ်တဲ့ အိန္ဒိယ၊ အရှေ့အာရှ အလယ်ပိုင်းတွေအားလုံးကို ကူးသန်းရောင်းဝယ်မှုတွေ ပိုမိုလျင်မြန် သွက်လက်လာမှာဖြစ်တဲ့အတွက် ဒီတံတားကြီးဟာ အင်မတန်အကျိုးရှိမယ့် တံတားကြီး၊ ပြည်နယ်အတွက်လည်း များစွာသော စီးပွားရေးအခွင့်အလမ်းတွေ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မယ့် တံတားကြီးအဖြစ် ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။




**ဦးဝဏ္ဏမောင်လွင်**
**ပြည်ထောင်စုဝန်ကြီး**




**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး**

**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

နှစ်နိုင်ငံဆက်သွယ်တဲ့အခါမှာ တကယ့်အဓိကကျတဲ့ တံတားကြီးဖြစ်ပါတယ်။ အရင်တုန်းက ကြားထဲမှာ မဲခေါင်မြစ် ဖြတ်နေတဲ့အခါကျတော့ တိုက်ရိုက်ဆက်သွယ်လို့မရဘူး။ အခုတံတားကြီးရှိတယ်ဆိုတော့ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းတွေ၊ ကူးသန်းသွားလာမှုလုပ်ငန်းတွေ အရာခပ်သိမ်း တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နှစ်နိုင်ငံ ဝင်ထွက်ပေါက်တွေမှာ သဘောတူညီချက်အရ လဝကဂိတ်တွေ ဖွင့်မှာပါ။ လောလောဆယ်တော့ အရာရှိတွေဦးစီးတဲ့ ဝန်ထမ်း ၂၀ ယောက် ပို့ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လိုအပ်တဲ့စက်ကိရိယာများလည်း ဖြည့်ဆည်းထားပြီး ဖြစ်ပါတယ်။ လာအိုနှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့်ဟာ အသစ်မဟုတ်ဘူးလေ။ ကျွန်တော်တို့ ၁၉၇၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံက ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ လာအိုနိုင်ငံက ဒုတိယ နိုင်ငံခြားရေးဝန်ကြီးနှစ်နိုင်ငံနယ်စပ်ပေါက်တွေအတွက် လက်မှတ်ထိုးထားပြီး ဖြစ်ပါတယ်။

ဒါက အဲဒီလုပ်ငန်းရဲ့ နောက်ဆက်တွဲဖြစ်တဲ့အတွက် ကျွန်တော်တို့က ထူးပြီး အသစ်တော့မဟုတ်ပါဘူး။ နှစ်နိုင်ငံ လူဝင်လူထွက်ကိစ္စတွေကို ကျွန်တော်တို့ ယခင်အတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုအခါမှာ ဒီတံတားကြီးဟာ နှစ်နိုင်ငံအတွက် အလွန်အကျိုးရှိတဲ့ တံတားကြီးဖြစ်တယ်။ လာအိုနိုင်ငံတင်မဟုတ်ဘူး။ ဒီကနေတစ်ဆင့် ဗီယက်နမ်နိုင်ငံလည်း သွားလို့ရတယ်။ မြန်မာနိုင်ငံကနေပြီးတော့ ကုန်သွယ်ကူးသန်းသွားလာတာပဲဖြစ်ဖြစ်၊ နှစ်နိုင်ငံ ချစ်ကြည်ရေးပဲဖြစ်ဖြစ် အင်မတန်မှအကျိုးရှိတဲ့ တံတားကြီးဖြစ်တယ်ဆိုတာ အသိပေးလိုပါတယ်။



**ဦးကျော်လွင်**
**ပြည်ထောင်စုဝန်ကြီး**

**ဦးဝဏ္ဏမောင်လွင်**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒီနေ့ဖွင့်လှစ်ခဲ့တဲ့ မြန်မာ-လာအို ချစ်ကြည်ရေးတံတားဟာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အဓိကကတော့ မြန်မာ-လာအို နှစ်နိုင်ငံသံတမန်ထူထောင်တဲ့ နှစ်(၆၀)ပြည့်တဲ့နှစ်လည်း ဖြစ်တယ်။ နှစ်နိုင်ငံ မဲခေါင်မြစ်ကို ဖြတ်သန်းပြီးတော့ တည်ဆောက်ထားတဲ့တံတားကို နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများကိုယ်တိုင် ဖွင့်လှစ်ပေးတဲ့အတွက် နှစ်နိုင်ငံရဲ့ဆက်ဆံရေးသမိုင်းမှာ အရေးကြီးပါတယ်။ နိုင်ငံနှစ်နိုင်ငံစလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ကုန်သွယ်မှုတွေ၊ နယ်စပ်ဖြတ်ကျော်ပြီးတဲ့ အခါမှာ ပြည်သူချင်း ထိတွေ့ဆက်ဆံမှုတွေ၊ ချစ်ကြည်ရင်းနှီးမှု အပိုင်းတွေမှာ အလွန်အရေးပါတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ အထူးသဖြင့် ဒီနေ့ရောက်ခဲ့ကြတဲ့ နယ်စပ်ဒေသကို ကြည့်မယ်ဆိုရင်လည်း ကျိုင်းလပ်ဆိုတဲ့မြို့နယ်လေးတစ်ဝိုက်မှာရှိတဲ့ ပြည်သူတွေဟာ အထူးဝမ်းသာ ကြည်နူးနေကြတာ တွေ့ရမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အဓိကနယ်စပ်မှာ ထိတွေ့နေတဲ့ တာလေမြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့ဆိုတဲ့ မြို့ကြီးတွေဟာလည်း တံတားကြီး ဖွင့်လှစ်နိုင်လိုက်တဲ့အတွက် စီးပွားရေးဘဝ၊ လူမှုရေးဘဝတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ တံတားကြီးကို ဖွင့်လှစ်ဖို့ဆိုတာလည်း အခုမှဖြစ်လာတာ မဟုတ်ဘူး။ ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံကနေ လက်ခံကျင်းပတဲ့ ဧရာဝတီ-ကျောက်ဖုရား-မဲခေါင်ဆိုတဲ့ ထိပ်သီးအစည်းအဝေး ဧရာဝတီကိုကိုယ်စားပြုတဲ့ မြန်မာနိုင်ငံ၊ ကျောက်ဖုရားမြစ်ကိုကိုယ်စားပြုတဲ့ ထိုင်းနိုင်ငံ၊ မဲခေါင်မြစ်ကိုကိုယ်စားပြုတဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ဒီနိုင်ငံတွေအားလုံးရဲ့ ထိပ်သီးအစည်းအဝေးကြီးကနေပြီးတော့ ဗီယက်နမ်၊ လာအို၊ မြန်မာပေါင်းကူး ဆက်သွယ်နိုင်မယ့် စင်္ကြံလမ်းမကြီးတစ်ခုကို ဖော်ထုတ်နိုင်ဖို့အတွက်ကို သဘောတူခဲ့ကြတဲ့အတွက် တံတားတစ်ခုပေါ်ထွန်းလာအောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတကြီးရဲ့ လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ လာအိုဘက်ကလည်း ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာနတို့ကြားမှာ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်ကစပြီးတော့ တည်ဆောက်ခဲ့တာ ဒီကနေ့ ဖွင့်လှစ်နိုင်တာဖြစ်ပါတယ်။ တံတားစီမံကိန်းကို မူလက ဒီထက်နောက်ပိုင်းမှ ဖွင့်လှစ်နိုင်မယ့် အနေအထားရှိတာကနေပြီးတော့ နှစ်နိုင်ငံဝန်ကြီးဌာနတွေရဲ့ အထူးကြိုးပမ်းချက်ကြောင့် သတ်မှတ်ကာလထက် ငါးလကျော်လောက် စောပြီးတော့ ဖွင့်လှစ်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် မြန်မာနဲ့ လာအိုနှစ်နိုင်ငံတင်မကပဲနဲ့ မဲခေါင်မြစ်တစ်လျှောက်မှာရှိတဲ့ နိုင်ငံများအားလုံးဟာ အကျိုးခံစားရမှာဖြစ်ပါတယ်။ ဒီတံတားကြီး ဆောက်လုပ်လိုက်တဲ့အတွက်ကြောင့် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းဆိပ်ကမ်းကနေစပြီးတော့ မြန်မာနိုင်ငံ အနောက်ဘက်မကြာခင်မှာ ပေါ်ပေါက်လာမယ့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူစီးပွားရေးဇုန် နေရာတွေအထိ၊ တစ်ဖက်ကလည်း သီလဝါ၊ ထားဝယ်စီးပွားရေးဇုန် နေရာတွေအထိ ကူးလူးဆက်ဆံနိုင်မယ့် လမ်းကြောင်းကြီးတွေအတွက် အထူးအရေးကြီးတဲ့ တံတားတစ်စင်းကို ဖောက်လုပ်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ နယ်စပ်မှာနေတဲ့ ပြည်သူလူထုတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကလည်း အထူးကို ကောင်းမွန်လာမယ့် အနေအထားရှိပါတယ်။ ဒီနေ့ဖွင့်လှစ်လိုက်တဲ့ မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားဟာ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံရဲ့ ဆက်ဆံရေးသမိုင်းမှာ အဓိကကျတဲ့ မှတ်တိုင်တစ်ရပ်ဖြစ်သလိုပဲ မဲခေါင်နိုင်ငံများဖြစ်တဲ့ မဲခေါင်ဒေသအတွင်းမှာရှိတဲ့ နိုင်ငံများ၊ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ထိုင်း အာဆီယံ(၅)နိုင်ငံပါဝင်တဲ့အတွက်ကြောင့် အာဆီယံရဲ့ရှေ့မှာ ပေါ်ပေါက်လာတဲ့ အာဆီယံအသိုက်အဝန်းမှာလည်း များစွာ အထောက်အကူပြုမယ့် တံတားတစ်စင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်းပဲ မဟာဗျူဟာကျကျနဲ့ရှိနေတဲ့ မိမိတို့ရဲ့ ပထဝီအနေအထားကို ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချတဲ့အခါမှာ မြန်မာနိုင်ငံက ရည်ရွယ်ထားတဲ့ ဖြစ်စဉ်နဲ့ ပေါင်းကူးတံတားတစ်ခုကို တည်ဆောက်နိုင်ဖို့အတွက် ကနဦး ခြေလှမ်းတစ်ရပ်အနေနဲ့ ရှုမြင်လို့ရပါတယ်။ နိုင်ငံတော်ရဲ့ အနာဂတ်အတွက်ရော၊ အာဆီယံရဲ့ အနာဂတ်အတွက်ရော၊ မဲခေါင်နိုင်ငံတွေရဲ့ အနာဂတ်အတွက်ရော အထူးအရေးကြီးတဲ့ သမိုင်းမှတ်တိုင်တစ်ခုကို ဒီနေ့ဖော်ထုတ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် နှစ်နိုင်ငံသမ္မတကြီးတွေကိုယ်တိုင် ကြွရောက် ချီးမြှင့်ပြီးတဲ့အခါမှာ တံတားကို ဖွင့်လှစ်ပေးလိုက်တဲ့ အနေအထား ဖြစ်ပါတယ်။




**ဦးစဝ်အောင်မြတ်**
**ရှမ်းပြည်နယ်ဝန်ကြီးချုပ်**

**မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားဟာ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံရဲ့ ဆက်ဆံရေးသမိုင်းမှာ အဓိကကျတဲ့ မှတ်တိုင်တစ်ရပ်ဖြစ်။**

**နိုင်ငံတော်ရဲ့ အနာဂတ်အတွက်ရော၊ အာဆီယံရဲ့ အနာဂတ်အတွက်ရော၊ မဲခေါင်နိုင်ငံတွေရဲ့ အနာဂတ်အတွက်ရော အထူးအရေးကြီးတဲ့ သမိုင်းမှတ်တိုင်တစ်ခုကို ဒီနေ့ဖော်ထုတ်နိုင်**

## နိုင်ငံတကာအားကစား

# လက်စတာအသင်း ဆောက်သမ်တန်ကိုနိုင်

ပရီမီယာလိဂ်ပွဲစဉ် (၃၆) စနေနေ့ည ပွဲစဉ်အဖြစ် လက်စတာနှင့် ဆောက်သမ်တန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လက်စတာသည် တန်းဆင်းဇုန်အထက်တွင် ရုန်းကန်နေရပြီး ဆောက်သမ်တန်မှာလည်း ယူရိုပါလိဂ်အဆင့်ဝင်ရန် ကြိုးစားနေရသည်။ နှစ်သင်းစလုံး ဖိအားကိုယ်စီဖြင့် ယှဉ်ပြိုင်ကစားကြပြီး ပွဲချိန် ၇ မိနစ်တွင် အူလိုအာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မက်ရက်ဇ်က လက်စတာအတွက် အဖွင့်ဂိုးသွင်းယူပေးသည်။ မိနစ် ၂၀ တွင် ဗာဒီ၏ ဖန်တီးပေးမှုကို မက်ရက်ဇ်ကပင် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် လက်စတာက နှစ်ဂိုးအသာဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။

အခြားပွဲများအဖြစ် ဆန်းဒါးလန်းက အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဗီလာက ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘန်လေက ဟားလ်စီးတီးကို တစ်ဂို-ဂိုးမရှိ၊ စတုတ်က စပါးကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဂျာမနီ ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂) ပွဲများ ယှဉ်ပြိုင်ကစားရာ အော့စ်ဘတ်က ဘိုင်ယန်မြူးနစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဒေါ့မွန်က ဟာသာဘာလင်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဂလာဘတ်က လေဗာကူဆင်ကို သုံးဂိုး-ဂိုးမရှိ၊ ဖရန့်ဖတ်က ဟော်ဖန်ဟိမ်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရပြီး ဟန်နိုဗာနှင့် ဝါဒါဘရီမင်ပွဲမှာ တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ-ရေးသည်**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပန်ဂျပ်ပြည်နယ်ရှိ တက္ကသီလာပြတိုက်သို့ ကြည့်ရှုလေ့လာ

**အစ္စလာမ်မာဘတ် မေ ၉**

ပါကစ္စတန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၈ ရက် နံနက်ပိုင်းက အစ္စလာမ်မာဘတ် ရဟတ်ယာဉ်ကွင်းမှတစ်ဆင့် ခိုင်ဘာပက်သွန်ခွာပြည်နယ် တာဘိုလာမြို့ရှိ ပါကစ္စတန်တပ်မတော် Special Services Group(SSG) ဌာနချုပ်သို့ ရောက်ရှိကြသည်။

ထို့နောက် SSG ဌာနချုပ်ရှိ လေ့ကျင့်ရေးကွင်းတွင် ခားစာခံကယ်တင်ခြင်း လက်တွေ့သရုပ်ပြသမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ရဟတ်ယာဉ်ဖြင့် ပန်ဂျပ်ပြည်နယ် ကမ်ရာဒေသရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ (Pakistan Aeronautical Complex-PAC) သို့သွားရောက်ကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပန်ဂျပ်ပြည်နယ် တက္ကသီလာဒေသရှိ တက္ကသီလာ အကြီးစားစက်မှုလုပ်ငန်းများ (HIT) ကို သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် တက္ကသီလာပြတိုက်ကိုလည်းကောင်း၊ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုက သတ်မှတ်ထားသော လက်ရှိ Sirkap ဟု လူသိများသည့် တက္ကသီလာမြို့ဟောင်းကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် အစ္စလာမ်မာဘတ်မြို့ရှိ ပါကစ္စတန်ဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ တက္ကသီလာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုရေးမြို့ရှိ ချိနာတောင်ပေါ် အပန်းဖြေစခန်းလေ့လာ



**အစ္စလာမ်မာဘတ် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၉ ရက် နံနက်ပိုင်းတွင် အစ္စလာမ်မာဘတ်မြို့ မာဂယ်လာတောင်ပေါ်ရှုခင်းသာသို့ရောက်ရှိကြပြီး ရှုခင်းသာမှ မြို့ရှုခင်းကို ကြည့်ရှုလေ့လာကြသည်။

အစ္စလာမ်မာဘတ်မြို့သည် မာဂယ်လာတောင်ခြေတွင်တည်ရှိပြီး မိုရေးမြို့၊ ကတ်ရှ်မီးယားတောင်တန်းများနှင့်ဆက်စပ်လျက်ရှိသည်။ မာဂယ်လာတောင်မှာလည်း လှပသောတောင်ပေါ်အပန်းဖြေစခန်းတစ်ခုဖြစ်ပြီး အစ္စလာမ်မာဘတ်မြို့၏ နောက်ခံရှုခင်းတစ်ခုအဖြစ် ထင်ရှားသည်။

ထို့နောက် မိုရေးမြို့သို့ ရဟတ်ယာဉ်ဖြင့်ထွက်ခွာပြီး မိုရေးမြို့ရှိ ချိနာတောင်ပေါ်အပန်းဖြေစခန်းသို့ရောက်ရှိကြကာအပန်းဖြေစခန်းနှင့် ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

**(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ မိုရေးမြို့ ချိနာတောင်ပေါ်၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။**

(မြဝတီ)

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲထုတ်ပြန်ချက်

**၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်**
**အင်းယားလိတ်၊ ရန်ကုန်မြို့**

(၁) ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့တွင် အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ (၆၄)ပါတီ၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ခုမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း (၁၅၂) ဦး တက်ရောက်ကြပါသည်။

(၂) ဆွေးနွေးပွဲ တက်ရောက်လာသော ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အချက်များအပေါ် သဘောထားအမြင်များကို လွတ်လပ်စွာ ဆွေးနွေးဖလှယ်ကြပါသည်။

(၃) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်လက်မှတ်ရေးထိုး ထုတ်ပြန်ထားသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိကဝတ်ပြုခြင်း (Deed of Commitment) သည် NCA ကို လွှမ်းမိုးရန်သော်လည်းကောင်း၊ ဥပေက္ခာပြုရန်သော်လည်းကောင်း၊ အားပျော့ပျက်ပြယ်စေရန်သော်လည်းကောင်း ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်းနှင့် NCA အား ဖြည့်ဆည်းပြည့်စုံစေခြင်းတို့သည် အပြန်အလှန်ဖြည့်ဆည်းပြည့်စုံစေခြင်းသာဖြစ်ကြောင်း အသိအမှတ်ပြုကြပါသည်။

(၄) လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး၊ ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာလျှင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည်ကို ဤဆွေးနွေးပွဲ တက်ရောက်လာသူများက သဘောတူကြပါသည်။

(၅) နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမစခင် အမြန်ဆုံးစတင် ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲအလွန်တွင်လည်း ဆက်လက်ကျင်းပပြုလုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တက်ရောက်သူများအားလုံး သဘောတူကြသည်။

(၆) Deed of Commitment တွင်ပါရှိသည့် ကတိကဝတ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စတင်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုလုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှပါဝင်သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ညှိနှိုင်းအဖွဲ့" (Coordination Team for Peace and National Reconciliation) ကိုဖွဲ့စည်းရန် ဤအစည်းအဝေးတက်ရောက်သူများက မူအားဖြင့် သဘောတူကြပါသည်။

# မြန်မာနိုင်ငံ နိုင်ငံခြားသားသတင်းထောက်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ နိုင်ငံခြားသားသတင်းထောက်များအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၉ ရက် ညနေ ၅ နာရီက အသင်းရုံးခန်းတည်ရှိရာ အခန်း (၆၀၁-၆၀၂)၊ ၇ လွှာ၊ နံပါတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်လှထွန်းက အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေးကတင်ပြရာ အသင်းက အတည်ပြုသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌအဖြစ် ဦးအောင်လှထွန်း (Reuters)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် Mr. Zhang Yunfei (Xinhua) နှင့် ဒေါ်အေးအေးဝင်း (AP)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS) တွဲဖက်အတွင်းရေးမှူး (၁)ဦးဟန်ထွေးအောင် TV Asahi၊ တွဲဖက်အတွင်းရေးမှူး (၂) ဒေါ်လှလှဌေး(AFP)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အိအိတင် (Fuji TV)၊ ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မိုမိုမြင့် (NHK)၊ ဘဏ္ဍာရေးမှူး(၂) ဒေါ်ရတနာထွန်း (Kyodo)၊ စာရင်းစစ်(၁) ဦးခင်မောင်ဝင်း (AP) နှင့် စာရင်းစစ်(၂) ဦး ငြိမ်းချမ်းနိုင် (EPA) တို့အား ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင်များ တက်ရောက်ကြသည်။ ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှာ ယခုအခါ အသင်းဝင် ၆၀ ရှိပြီး အသင်းနှင့် ဆက်သွယ်ရန် ဖုန်း ၀၉-၃၀၀၉၁၉၂၁ ဖြစ်သည်။ **(မြန်မာ့အလင်း)**

❐ *ရွှေဖုံးမှ*

ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တံတားအလယ်ရှိ ဖွင့်ပွဲမဏ္ဍပ်သို့သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိနှင့် မိုင်းဖုန်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့် တံတားအလယ်ရှိ မဏ္ဍပ်သို့ သွားရောက်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က တံတားဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယခုချစ်ကြည်ရေးတံတားကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ထင်ရှားစွာပြဆိုလိုက်ခြင်း ဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။

ယခုချစ်ကြည်ရေးတံတား ဖွင့်ပွဲအခမ်းအနားသည် မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့်မြောက်သည့် အခါသမယနှင့် ကြုံကြိုက်နေသည့်အတွက် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတွင် ထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့အနေနှင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတိုးမြှင့်စေရေးအတွက် လာအိုနိုင်ငံနှင့် နှစ်နိုင်ငံချင်းသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်ပါ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း။

မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်မှုသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံမှ မြန်မာ-လာအို-ဗီယက်နမ် စကြံလမ်းဖောက်လုပ်ရန် အဆိုပြုခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအလယ်ရှိ ဖွင့်ပွဲမဏ္ဍပ်တွင် ဗုဒ္ဓရုပ်ပွားတော်အား ဆီမီးကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-လာအို နှစ်နိုင်ငံအဖွဲ့များသည် နယ်စပ်တစ်လျှောက် ကွင်းဆင်းစစ်ဆေးပြီး တံတားတည်ဆောက်ရန် တံတားအူကြောင်း (၅) နေရာ လျာထားခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် မတ်လအတွင်း သွားရောက်ခဲ့သည့် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား ချစ်ကြည်ရေးတံတား တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ပြီးစီးခဲ့သည့်အတွက် ယခုချစ်ကြည်ရေးတံတားကြီးကို နှစ်နိုင်ငံသမ္မတကြီးများက ယနေ့ ၂၀၁၅ ခုနှစ် မေ ၉ ရက် မင်္ဂလာအချိန်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးလိုက်ပြီး ဖြစ်ပါကြောင်း။

ယခု ချစ်ကြည်ရေးတံတားကြီးသည် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းဆိပ်ကမ်းမှ လာအိုနိုင်ငံကိုဖြတ်ပြီး မြန်မာနိုင်ငံ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ဆက်သွယ်မည့် မြောက်ပိုင်းစီးပွားရေးစင်္ကြံပေါ်တွင် တည်ရှိသည့်အတွက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်ပါကြောင်း။

ယခုတံတားကြီးသည် ပထဝီဝင်အနေအထားအရ မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံကို ပိုမိုနီးကပ်စေရန် ဆက်သွယ်ပေးနေရုံသာမက ပြည်သူအချင်းချင်း တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော စိတ်ဓာတ်များကိုပါ ချိတ်ဆက်ပေးမည့် တံတားတစ်စင်းဖြစ်ကြောင်း ခိုင်မာစွာ ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

**ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု တိုးမြှင့်စေရေးအတွက် လာအိုနိုင်ငံနှင့် နှစ်နိုင်ငံချင်းသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်ပါ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထား**

ဆက်လက်၍ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က တံတားဖွင့်ပွဲနှင့်စပ်လျဉ်း၍ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတများသည် တံတားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတများနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဘက်ကမ်း နယ်စပ်ဖြတ်ကျော်စစ်ဆေးရေးဂိတ်၌ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနယ်စပ်ဖြတ်ကျော်စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်အမျိုးအစား၊တံတားအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် ၁ ဒသမ ၂ မီတာ၊ အမြင့် ၁၀ မီတာ၊ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး တံတားအရှည် ၂၂၆၉ ဒသမ ၂၇ပေ ရှိကာ မြန်မာနိုင်ငံမှ အရှည် မီတာ ၃၆၀ တည်ဆောက်ခဲ့ပြီး လာအိုနိုင်ငံမှ အရှည် ၃၃၁ ဒသမ ၆ မီတာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းလပ်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် မြန်မာအမျိုးသား လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကျိုင်းတုံမြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်လွန်း ဆီဆုလစ်က တံတားဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



မြန်မာ-လာအို ချစ်ကြည်ရေးတံတားအား တွေ့ရစဉ်။ (သတင်းစဉ်)






နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့က မြန်မာ-လာအို ချစ်ကြည်ရေးတံတား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

# နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင်နိုင်ရေး ဆွေးနွေးသဘောတူ

ရန်ကုန် မေ ၉

**ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ကျင်းပခဲ့ရာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံး စတင်ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲအလွန်တွင်လည်း ဆက်လက်ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သဘောတူညီခဲ့ကြကြောင်း သိရသည်။**

ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် Deed of Commitment ကို လက်မှတ်ရေးထိုးကြသည့် ကိုယ်စားလှယ်များအကြား သဘောတူလက်မှတ်ရေးထိုးထားခဲ့ကြသည့်ကတိကဝတ်များအား စာရွက်ပေါ်၌ပင် မထားရှိဘဲ အမှန်တကယ် **“ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်”** အဖြစ်မည်သည့်နေရာမှစတင်၍ အကောင်အထည်ဖော်မည်ကို တိုင်ပင်ဆွေးနွေးသည့်ပွဲဖြစ်ပါကြောင်း။

ထို့ကြောင့် Deed of Commitment၏ ကနဦး ပူးပေါင်းအကောင်အထည်ဖော်မှုအနေဖြင့် ယခုဆွေးနွေးပွဲမှ နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်ရန် လိုအပ်သည့်မူဘောင်ရရှိရေးဆိုင်ရာ သဘောထားများကိုလည်း ညှိနှိုင်းသွားနိုင်ပါက သင့်လျော်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ပြုလုပ်သည့် နိုင်ငံရေးမူဘောင်ရရှိရေးညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးမျိုးသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို အောင်မြင်ချောမွေ့စွာ ဖြစ်ပေါ်ရေးအတွက် အထောက်အကူပြုရန်အတွက်သာဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာပြောကြားလိုကြောင်း။

ဘက်ပေါင်းစုံက မှန်ကန်စွာပါဝင်နိုင်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးဖြစ်စဉ်များအား စဉ်ဆက်မပြတ်ဖော်ထုတ်၍ လက်တွေ့ကျသည့် အကောင်အထည်ဖော်နိုင်စွမ်းရှိသော “ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး” ကို ဦးတည်မည့် မူဘောင်ရရှိရေးကို အခြေခံကာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် မြန်မာ့နိုင်ငံရေးပြဿနာကိုဖြေရှင်းကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA မူကြမ်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းရာ၌ မိမိတို့အစိုးရလက်ထက်တွင် တိုင်းရင်းသားများစုဖွဲ့ထားသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ NCCT ဖြင့် တရားဝင်ဆွေးနွေးပွဲ(၇)ကြိမ်၊ အလွတ်သဘောဆွေးနွေးပွဲပေါင်းမြောက်များစွာကို ၁၆ လအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များ အဆိုပြုခဲ့သည့်အချက်များကိုသာ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ယခုနောက်ဆုံး NCA (မူကြမ်း) ကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှာ ညှိနှိုင်းပြီးစီး၍ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်အားပေးခဲ့ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်ဦးဆောင်လက်မှတ်ရေးထိုးထားသည့် **ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ကတိပြုလက်မှတ်** ရေးထိုးထားမှုအပေါ်အား ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကတိပြုချက်တွင် ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရေးဆိုသည့် အချက်တစ်ချက်ပါဝင်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိကဝတ်ပြုထားချက်များအပေါ် နိုင်ငံသားများကို အခြေခံ၍ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှလည်း တာဝန်ယူ၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို အမြန်ဆုံးလက်မှတ်ရေးထိုးပြီး မိမိတို့ မရောက်ခဲ့ဖူးသည့် နိုင်ငံရေးအခင်းအကျင်းအသစ်တွင် နိုင်ငံရေး ယဉ်ကျေးမှု အသစ်ဖြစ်သည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားနိုင်ငံရေးပါတီ ကိုယ်စားလှယ် ဦးစိုင်းအိုက်ပေါင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ **(NCCT)**မှ ပဒိုစောကွယ်ထူးဝင်းက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို ဆွေးနွေးခြင်း၊ ဆွေးနွေးထားသည့်ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် အချက်(၆)ချက်ပါ ဆွေးနွေးပွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ RCSS/SSA မှ စိုင်းခွန်းဆိုင်၊ တိုင်းရင်းသားနိုင်ငံရေးပါတီကိုယ်စားလှယ်အဖြစ် ဦးစိုင်းအိုက်ပေါင်း၊ ပြည်မပါတီမှကိုယ်စားလှယ်အဖြစ် ဦးခင်မောင်ဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ကိုယ်စားလှယ်အဖြစ် ဒူဝါဇုတ်ဒေါင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့မှ ခေါင်းဆောင် ၂၉ ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၀၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၇၃ ပါတီအနက် ၆၄ ပါတီမှ ခေါင်းဆောင်များ၊ လေ့လာသူ ၃၀ တို့ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာ ၅၀ ကျော် တက်ရောက် သတင်းရယူခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## သောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာသို့ ရေလှူဒါန်း

**စစ်ကိုင်း မေ ၉**

စစ်ကိုင်းမြို့နယ် မြို့မိ မြို့ဖ၏ဦးဆောင်မှုဖြင့် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော စစ်ကိုင်းမြို့နယ် ကျောက်ပနန်ကျေးရွာအုပ်စု ဆည်လေးတောကျေးရွာသို့ မေ ၉ ရက် နံနက် ၆ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။ သောက်သုံးရေများလှူဒါန်းရာတွင် မြို့မိမြို့ဖအဖွဲ့ ရေသယ်ယာဉ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီရေသယ်ယာဉ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ရေသယ်ယာဉ်၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရေသယ်ယာဉ်နှင့် သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း ရေသယ်ယာဉ်ငါးစီးတို့မှ ရေဂါလန် ၅၂၀၀ လှူဒါန်းခဲ့သည်။

ရေလှူဒါန်းပွဲအပြီးတွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံပွဲ၌ ဆရာတော်ဦးဇောတိကသရက ဩဝါဒမြွက်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါးက ထင်းအစား လောင်စာသုံးစွဲရေးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေး၍ အဆင့်မြင့်အေဝမ်းမီးဖို အလုံး ၃၀ မဲဖောက်၍ အခမဲ့ဖြန့်ဝေပေးသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန်ဆောင်ရွက်သွားမည်

အမေး/အရေး
မြတ်သန္တာမောင်

ပုံစံအသစ်ဖြင့် စီမံကိန်းပြန်လည်စတင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်အား မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

***(ယမန်နေ့မှ အဆက်)***

**မေး။ ။ လက်ရှိမှာ ကနဦးစီမံကိန်း အကောင်အထည်ဖော်နိုင်ဖို့နဲ့ပတ်သတ်ပြီး ဆောင်ရွက်နေမှု အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ ကနဦးစီမံကိန်းစတင်ဆောင်ရွက်တာနဲ့ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ အညီဖြစ်ဖို့အတွက် နိုင်ငံတကာ အသိအမှတ်ပြု အကြံပေးအဖွဲ့ကို ငှားရမ်းပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ စီမံကိန်း စီမံခန့်ခွဲသူ (Project Management Office- PMO) နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ သူတို့က စီမံကိန်းမှာ ပါဝင်ရမယ့်အချက်တွေ၊ ဆောင်ရွက်ရမယ့် လုပ်ငန်းသဘောတူစာချုပ်တွေကို ပြုစုပါတယ်။ ပြီးတော့ Selective Bidding ခေါ်ယူတဲ့နေရာကိုဖြန့်ဝေပါတယ်။ အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီအဖွဲ့မှ ကနဦးစီမံကိန်း လုပ်ငန်းများအတွက် တင်ဒါကို ပြည့်ပြည့်စုံစုံတင်သွင်းလာတဲ့အတွက် အောက်တိုဘာလ ၇ ရက်နေ့ကတည်းကစပြီး တစ်ဖက်နဲ့ တစ်ဖက်ညှိနှိုင်းဆွေးနွေးပါတယ်။ ဆွေးနွေးမှုတွေမှာ လိုအပ်တာတွေကို PMO က ကူညီဆောင်ရွက်ပါတယ်။ နှစ်ဖက်အသေအချာ ညှိနှိုင်းပြီးတော့ လုပ်ငန်းသဘောတူစာချုပ် (Concession Agreement) ကို ပြုစုလာခဲ့ရာ ၂၀၁၅ ဧပြီ ၁၀ ရက်နေ့မှာ လုပ်ငန်းသဘောတူစာချုပ်မူကြမ်း (Draft Concession Agreement) ကို ပြုစုပြီးစီးခဲ့ပါတယ်။ အဲဒီနောက်မှာ စီမံကိန်းလုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ထံ ဖြန့်ဝေထားပြီး မကြာမီရက်ပိုင်းအတွင်းမှာ သူတို့ရဲ့ သဘောထားမှတ်ချက်ကို ကျွန်တော်တို့ ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ အကြံပြုချက်တွေကို အဓိကထားပြီး ကျွန်တော်တို့ ပြန်လည်ပြုစုမယ်။ ပြီးရင် လုပ်ငန်းသဘောတူစာချုပ် (Concession Agreement) အချောသတ်ရရှိလာမယ်။ ဒါကို ပြည်ထောင်စုအစိုးရထံ တင်ပြပြီး အတည်ပြုမယ်။ အတည်ပြုပြီးရင် စီမံခန့်ခွဲမှုကော်မတီနဲ့ လုပ်ငန်းဆောင်ရွက်မယ့်သူ အကြားမှာ လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးရင် ကနဦးစီမံကိန်းကို စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် အခုမေလတစ်လလုံး ဒါကို ပြင်ဆင်ပြီးရင် လာမယ့်ဇွန်လထဲမှာ လက်မှတ်ထိုးနိုင်ဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။ ဒါဆိုရင် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်ထည်ဖော်တဲ့နေရာမှာ အဓိကကြုံတွေ့ရတဲ့ အခက်အခဲက ဘာတွေဖြစ်မလဲ။ မြန်မာနိုင်ငံမှာရှိတဲ့ အခြားစီးပွားရေးဇုန်တွေဖြစ်တဲ့ သီလဝါတို့ ကျောက်ဖြူတို့နဲ့ ယှဉ်လိုက်ရင် ကွာခြားချက်က ဘာတွေ ဖြစ်မလဲ။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ဟာ သီလဝါ အထူးစီးပွားရေးဇုန်နဲ့ ကွာခြားပါတယ်။ သီလဝါက လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ သင်္ဘောဆိပ်တွေ၊ နိုင်ငံတကာ လေဆိပ်တွေနဲ့နီးပြီး လမ်းတွေလည်း ရှိပါတယ်။ ရန်ကုန်မြို့နဲ့လည်း နီးပါတယ်။ ထားဝယ် အထူး စီးပွားရေးဇုန်ကို ရောက်ရှိနိုင်ဖို့အတွက်တော့ အခြေခံ အဆောက်အအုံတွေ လိုအပ်ပါတယ်။ ထားဝယ်မှာ လေဆိပ် ရှိပေမယ့် နိုင်ငံတကာ လေယာဉ်ကွင်းမဖြစ်သေးဘူး။ နိုင်ငံတကာလေဆိပ်ဖြစ်လာဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကနေ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်တဲ့အခါမှာ စက်မှုဇုန်တင်မကဘဲ လမ်း၊ ဆိပ်ကမ်း၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်ဓာတ်အားပေးရေးစနစ်စတဲ့ အခြေခံအဆောက်အအုံတွေကို ထည့်သွင်းလုပ်ဆောင်ရတာဖြစ်တဲ့အတွက် ဒါကိုလည်း အခက်ခဲတစ်ခုလို့ ပြောလို့ရပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ၂၀၁၀မှာ စာချုပ်ချုပ်ပြီး လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကို အသစ်ပြန်လည်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းညှိနှိုင်းရတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲအချို့လည်း ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရပါတယ်။ ပြီးတော့ ပြည်တွင်းလုပ်ငန်းရှင်တွေက အီတာလျံ-ထိုင်းရဲ့ စုပေါင်းလုပ်ငန်းအဖွဲ့ထဲမှာ တိုက်ရိုက်တော့ ပါဝင်လို့ မရတော့ပေမယ့် လုပ်ငန်းဆောင်ရွက်ရာမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ငွေကြေးထည့်ဝင်ဖို့၊ လုပ်အား စိုက်ထုတ်ဆောင်ရွက်ဖို့တွေပြုလုပ်နိုင်ဖို့လည်း ကျွန်တော်တို့ ညှိနှိုင်းထားပါတယ်။ တချို့ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးနေတဲ့ အချက်တွေ ရှိပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်ကတော့ မြေနေရာအားဖြင့် ကျဉ်းပါတယ်။ အနီးဝန်းကျင်မှာ လူနေအိမ်ခြေစိပ်တဲ့အတွက် သိပ်ပြီးတော့ ချဲ့ထွင်လို့ မရပါဘူး။ ပြီးရင် သီလဝါမှာ ရေနက်ဆိပ်ကမ်းမရှိပါဘူး။ ဒါကြောင့် တန်ချိန် နှစ်သောင်းလောက်ရှိတဲ့ သင်္ဘောတွေပဲ ဆိုက်ကပ်နိုင်မယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နေရာကတော့ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်ပါတယ်။ မြေနေရာအားဖြင့်လည်း ဧကငါးသောင်းလောက် ကျယ်ဝန်းပါတယ်။ လူနေထူထပ်မှုနည်းပါးတဲ့အတွက် စီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ထားဝယ်စီးပွားရေးဇုန်ရဲ့ အားသာချက်က ဘာတွေဖြစ်မလဲ။ မြန်မာနိုင်ငံနဲ့ အရှေ့တောင် အာရှနိုင်ငံတွေအပေါ် ဘယ်လိုသက်ရောက်မှုတွေ ဖြစ်ပေါ်လာနိုင်မလဲ။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ဆက်သွယ်မယ့် မြန်မာ-ထိုင်း နယ်စပ်လမ်းကြောင်းဟာ မဟာမဲခေါင်ဒေသရဲ့ စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်သွယ်ပြီးတော့ ဗန်ကောက်ကနေတစ်ဆင့် ထိုင်းနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေ၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားကနေ တစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ၊ တောင်တရုတ်ပင်လယ်အထိကို ဆက်သွားတာဖြစ်ပါတယ်။ ဒါကြောင့်ထားဝယ်ဟာ စင်္ကြံလမ်းကြောင်းရဲ့ အနောက်ဘက် ဂိတ်တံခါးပေါက်ဖြစ်ပြီးတော့ အိန္ဒိယသမုဒ္ဒရာနဲ့ ဆက်စပ်တဲ့ ဘင်္ဂလားပင်လယ်အော်ရဲ့ ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ရေနက်ဆိပ်ကမ်းပေါ်ပေါက်လာပြီဆိုရင် ဒီရေနက်ဆိပ်ကမ်းဟာ မဟာမဲခေါင်ဒေသ တောင်ဘက်လမ်းကြောင်းနဲ့ တစ်ဆက်တည်းဖြစ်ပြီး ပို့ဆောင်ရေးနဲ့ ကုန်စည်စီးဆင်းရေးရဲ့ အချက်အချာနေရာတစ်ခု ထားဝယ်က ဖြစ်လာနိုင်ပါတယ်။ ပြီးရင်ဒီရေနက်ဆိပ်ကမ်းကနေ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကနိုင်ငံတွေအထိ သွားရောက်နိုင်ပါတယ်။




**စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။** (ဓာတ်ပုံ-ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

ဒီလမ်းကြောင်းကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်လာရုံသာမက ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတွေဟာလည်း ဒီအကျိုးအမြတ်တွေကို ခံစားရမှာ ဖြစ်ပါတယ်။ မူလ ရေလမ်းကြောင်းဖြစ်တဲ့ မလက္ကာရေလက်ကြားကနေ တောင်တရုတ်ပင်လယ်ကို ဖြတ်သွားရတဲ့ လမ်းကြောင်းနဲ့ အခုပေါ်ပေါက်လာမယ့် လမ်းကြောင်းအသစ်ဟာ အနည်းဆုံး အချိန်လေးရက်လောက် ကုန်စည်ပို့ဆောင်ရာမှာ သက်သာမှာဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်းမှာ အနည်းဆုံး တန်ချိန် သုံးသိန်းဆံ့ သင်္ဘောတွေ ဆိုက်ကပ်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒါဆိုရင် ပင်မစီမံကိန်းလုပ်ငန်းကို ဘယ်အချိန်မှာ ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ။ ကနဦးစီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ပေါ်လာရင် ပင်မစီမံကိန်းကြီးကို တစ်ဆက်တည်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရှစ်နှစ်ကြာတဲ့ ကနဦးစီမံကိန်းပြီးတော့မှ ပင်မစီမံကိန်းကိုသွားမှာ မဟုတ်ပါဘူး။ ဇွန်လမှာလက်မှတ်ထိုးဖြစ်လို့ ကနဦး စီမံကိန်းစတင်ပြီဆိုတာနဲ့ ပင်မစီမံကိန်းအတွက်ကို အကြံပေးတွေခေါ်ယူမယ်။ ပြီးရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီးတော့ အခုလက်ရှိမှာ ပြုစုနေတဲ့ မဟာဗျူဟာစီမံကိန်းကို ချပြမယ်။ ပြီးရင် ကနဦးစီမံကိန်း ဆောင်ရွက်နေတဲ့ တစ်နှစ် နှစ်နှစ်အတွင်းမှာ ပင်မစီမံကိန်းရဲ့ ရေနက်ဆိပ်ကမ်းတွေ၊ အကြီးစားစက်မှုလုပ်ငန်းတွေ၊ သံမဏိစက်ရုံတွေ၊ ရေနံစက်ရုံတွေ၊ မြေသြဇာစက်ရုံ၊ သင်္ဘောကျင်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ဇေယျာသီရိမြို့နယ်တွင် သောက်သုံးရေရှားပါးသော ကျေးရွာသို့ ရေပေးဝေလှူဒါန်း

**ဇေယျာသီရိ မေ ၉**

ဇေယျာသီရိမြို့နယ်တွင် ယခင်နှစ်မိုးရာသီက မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော စက်ကုန်းကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းသည် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်သူဆွေ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့များလိုက်ပါလျက် မေ ၉ ရက် နံနက် ၉ နာရီက မီးသတ်ယာဉ်များအသုံးပြုလျက် ကွင်းဆင်း၍ ရေပေးဝေလှူဒါန်းမှုပြုလုပ်ခဲ့ရာ ကျေးရွာပြည်သူများ ပျော်ရွှင်စွာ ရေလက်ခံယူကြသည်။



စက်ကုန်းကျေးရွာသည် အိမ်ခြေ ၉၀၊ လူဦးရေ ၄၀၅ ဦးရှိပြီး တောင်သူလုပ်ငန်း၊ ကျောက်ထုတ်လုပ်ငန်း၊ ကျပန်းလုပ်ငန်းများဖြင့် ဖွံ့ဖြိုး တိုးတက်မှုနည်းပါးသော ကျေးရွာဖြစ်ပြီး ယခင်နှစ်ကအလှူရှင်၏ လှူဒါန်းမှုဖြင့် စက်ရေတွင်း တူးဖော်ခဲ့သော်လည်း ရေထွက်နည်း၍ ရေရှားပါးမှု ကြုံတွေ့ရသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် အနက်ပေ ၄၅၀ ရှိ လေးလက်မရေတွင်းနှင့် ဂါလန် ၁၂၀၀ ဆံ့အုတ်ရေကန်၊ ရေမြှုပ်ပန့်၊ မီးစက်အပါအဝင် ဆောင်ရွက်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်းနှင့် စက်ကုန်းကျေးရွာ၏ မိသားစု ဝင်ငွေတိုးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု ရေလှူဒါန်းမှုမှာ ဂါလန် ၁၆၀၀ ဖြစ်ပြီး ကျန်ရေရှားပါးသော ကျေးရွာများသို့ ဆက်လက်ပေးဝေလှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

**တောင်ကြီး မေ ၉**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရှမ်းပြည်နယ်လက်ရွေးစင်ဟောင်းတို့က ကြီးမှူးကျင်းပသော အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၀ ရက်မှ စတင်ကာ ပြည်နယ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ သင်း ကျော်ရှိပြီး တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို နေ့စဉ် ညနေ ၃ နာရီမှ စတင်၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အာဖဂန်မြောက်ပိုင်းတွင် အိမ်ခြေ ၅၀၀ ထက်မနည်း ရေလွှမ်းမိုးခံရ

**ပါလ်အီခူမရီ မေ ၉**

ယနေ့စောစောပိုင်းက ကဘူးလ်မြို့မှ ကီလိုမီတာ ၁၆၀ အကွာ Baghlan ပြည်နယ်မြောက်ပိုင်းရှိ Baghlan-e-Markazi ဒေသ၌ ရေလွှမ်းမိုးမှုကြောင့် အိမ်ခြေ ၅၀၀ ကျော် ရေထဲမျောပါခဲ့ပြီး တစ်ဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါ ဒေသအုပ်ချုပ်ရေးမှူး ဂိုဟာခန်ဘာဘရီက ပြောသည်။

သောကြာနေ့ ညနေပိုင်းက Baghlan-e-Markazi ဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံများမှာ အိုးအိမ်များကိုစွန့်ခွာကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြသည်။

စနေနေ့အစောပိုင်းသို့ရောက်သောအခါ မိုးကြီးရေလျှံမှုကြောင့် အိမ်ခြေ ၅၀၀ ကျော်တို့မှာ ရေထဲမျောပါသွားခဲ့ရသည်ဟု ဘာဘရီက သတင်းထောက်များသို့ ပြောခဲ့သည်။

မိုးရေကြောင့် စိုက်ပျိုးမြေ ဧက ၁၂၅၀၀ ကျော်ကို အထောက်အကူပြုသော ရေသွယ်မြောင်းများ ပျက်စီးသွားခဲ့သည်။ ထို့ပြင် ကျွဲ၊ နွား ရာချီသေဆုံးခဲ့သည်ဟု သိရသည်။ **(ဆင်ဟွာ)**

## ပေကျင်းတွင်ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနား ရုရှားသမ္မတပူတင် တက်ရောက်ရန် တရုတ်သမ္မတရှီကျင့်ဖျင်ဖိတ်ကြား

**မော်စကို မေ ၉**

စက်တင်ဘာလ ၃ ရက်နေ့တွင် ပေကျင်းမြို့၌ကျင်းပမည့် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်စစ်ဝါဒအပေါ် အောင်ပွဲခံခြင်း နှစ်(၇၀) ပြည့်အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဖိတ်ကြားထားသည်။

စက်တင်ဘာ ၃ ရက်တွင် အခြားသောနိုင်ငံခြား ခေါင်းဆောင်များနှင့်အတူ မိမိတို့အားလုံး ဒုတိယကမ္ဘာစစ်အောင်ပွဲ နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သမ္မတပူတင်က တရုတ်သမ္မတနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားလိုက်သည်။

စက်တင်ဘာလတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု အောင်ပွဲခံအခမ်းအနားသို့ မိမိတို့တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဂျပန်ကိုဆန့်ကျင်တိုက်ခိုက်ခဲ့သော သူရဲကောင်းများကိုလည်း ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

ရုရှားနှင့်တရုတ်တို့သည် ဒုတိယကမ္ဘာစစ်အတွင်း အကြီးအကျယ် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ သို့ရာတွင် မည်သည့်ရန်သူကိုမဆို တိုက်ခိုက်အောင်နိုင်ခဲ့ကြကြောင်း သမ္မတပူတင်က မှတ်ချက်ပြုပြောကြားသည်။ **(ဆင်ဟွာ)**



## ရေအောက်တိုက်ချင်းပစ်ဒုံးကျည် မြောက်ကိုရီးယား အောင်မြင်စွာစမ်းသပ်

**ပြုံယမ်း မေ ၉**

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီပီအာကေ) သည် ရေအောက်ရေငုပ်သင်္ဘောပေါ်မှ မဟာဗျူဟာတိုက်ချင်းပစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း တရားဝင်သတင်းအေဂျင်စီတစ်ခုက စနေနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အကယ်၍ ဤစမ်းသပ်မှုသည် အမှန်တကယ်ဆိုပါက စစ်ရေးစွမ်းဆောင်မှုကို တိုးတက်စေမည်သာမက ဒုံးကျည်တပ်ဆင်ထားသော ရေငုပ်သင်္ဘောများကိုပါ တိုးတက် တည်ဆောက်နိုင်မည့် အလားအလာရှိမည်ဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အဆိုပါဒုံးကျည် စမ်းသပ်ရန် အမိန့်ပေးလိုက်ပြီး စမ်းသပ်မှုကို စောင့်ကြည့်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေစီအင်န်အေ) က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရေအောက်တိုက်ချင်းပစ်ဒုံးကျည်ကို ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ ကြီးကြပ်မှုဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

သို့ရာတွင် အဆိုပါ စမ်းသပ်သည့် ရက်စွဲကို ဖော်ပြခြင်းမရှိကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါ ရေအောက်တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု အောင်မြင်ပါက ရေငုပ်သင်္ဘောမှ ပစ်လွှတ်လိုက်သော ဒုံးကျည်များသည် နောက်ဆုံးအနေဖြင့် စစ်ရေး၊ သိပ္ပံနယ်ပယ်နှင့် နည်းပညာပိုင်းလိုအပ်မှုများကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ကြောင်း အစိုးရသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂ၏ ဒုံးကျည်ပြုလုပ်သည့်နည်းပညာရပ်နှင့်ပတ်သက်ပြီး အရေးယူပိတ်ဆို့မှုရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရေငုပ်သင်္ဘောပေါ်မှ တိုက်ချင်းပစ်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ကင်ဂျုံအန်းက ပြောကြားခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

## ပါကစ္စတန်လေယာဉ်ပျက်ကျမှု၌ သေဆုံးခဲ့သည့်အလောင်းများကို ပြန်လည်သယ်ဆောင်လာ

**အစ္စလာမ္မာဘတ် မေ ၉**

ခရီးသွားလုပ်ငန်း ကြည့်ရှုစစ်ဆေးရန် မြောက်ပိုင်းရှိ တောင်တန်းများဆီသို့သွားရောက်ခဲ့စဉ် ရဟတ်ယာဉ်ပျက်ကျခဲ့သဖြင့် သံအမတ်နှစ်ဦးနှင့် သံအမတ်ဇနီးသည်နှစ်ဦးတို့ သေဆုံးခဲ့ပြီး တစ်ရက်အကြာ စနေနေ့တွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များက ၎င်းတို့၏အလောင်းများကို အစ္စလာမ္မာဘတ်သို့ သယ်ဆောင်သွားခဲ့သည်။

ရဟတ်ယာဉ်သည် ဂီလ်ဂျစ်ဒေသ၌ မတော်တဆပျက်ကျခဲ့ရာ နော်ဝေနှင့်ဖိလစ်ပိုင် သံအမတ်ကြီး နှစ်ဦး၊ မလေးရှားသံအမတ်၏ဇနီးနှင့်ဖိလစ်ပိုင်သံအမတ်၏ဇနီးတို့သေဆုံးခဲ့သည်။

Mi-17 ရဟတ်ယာဉ်သည် တောင်ကြားရှိ ကျောင်းတစ်ကျောင်းပေါ်သို့ကျရောက်လာခဲ့ရာ ပါကစ္စတန်လေယာဉ်အမှုထမ်းသုံးဦး သေဆုံးကာ သံအမတ်များစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အစိုးရက အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် လေယာဉ်ပျက်ကျခြင်းဖြစ်သည်ဟု ဆိုသော်လည်း တာလီဘန်တို့ကမူ စစ်သွေးကြွများကပစ်ချလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားချိန်၌ ဝန်ကြီးချုပ် နဝပ်ရှဲရစ်ဖ်သည် နှင်းလျှောစီးသူများ အသုံးပြုသည့် ရွှေ့လျားစက်ဖွင့်ပွဲသို့ သွားရောက်နေချိန်ဖြစ်သည်။ သေဆုံးသူအလောင်းများကိုလက်ခံရန် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ဂုဏ်ပြုတပ်ဖွဲ့တစ်ခု ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်အလံများလွှင့်ထူကာ လွမ်းသူ့ပန်းခွေများချ၍ ဂုဏ်ပြုခဲ့ကြသည်။

ပြီးခဲ့သည့် ၁၁ နှစ်အကြာက အခြား Mi-17 လေယာဉ်ပျက်ကျမှု လေးခုဖြစ်ပွားခဲ့သည်ဟု မီဒီယာများ၌ ဖော်ပြထားသော်လည်း ပါကစ္စတန်တပ်မတော်အနေဖြင့် ၎င်းတို့၏စက်ကိရိယာများကို သေချာစွာထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

*စာမျက်နှာ ၅ မှအဆက်*

သို့ရာတွင် နယ်နိမိတ်ချင်းလည်းထိစပ်သည့် နိုင်ငံများ၏ ထုံးစံအတိုင်း အဓိကစစ်ရေး ပဋိပက္ခမှု သုံးကြိမ်ရင်ဆိုင်ခဲ့ကြရသည်။ ၁၉၆၂ တရုတ်-အိန္ဒိယစစ်၊ ၁၉၆၇ ကိုလာ (Chola)ပြဿနာနှင့် ၁၉၈၇ တရုတ်-အိန္ဒိယ စကာမစ်ရှ် (Skirmish)တို့ဖြစ်သည်။ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှစကာ နှစ်နိုင်ငံလုံးက သံတမန်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို အောင်အောင်မြင်မြင် ကြိုးပမ်းနိုင်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ပေါ်ထွက်လာခဲ့သည်။ နှစ်နိုင်ငံစလုံးကလည်း ၎င်းတို့၏ မဟာဗျူဟာကျကျ ဆက်ဆံရေးနှင့် စစ်ဘက်ဆက်ဆံရေးများကိုတိုးချဲ့ရန် ကြိုးပမ်းခဲ့ကြသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း(Manmohan Singh)က တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိကာ ထိုစဉ်က တရုတ်သမ္မတဟူကျင်းတောင် (Hu Jintao)၊ ထိုစဉ်က ဝန်ကြီးချုပ် ဝမ်ကျားပေါင်(Wen Jiabao)တို့နှင့် တွေ့ဆုံခဲ့သည်။ ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စစ်ရေးနှင့် အခြားပြဿနာများစွာကို ဆွေးနွေးနိုင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ထိုစဉ်က တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ ဖိတ်ကြားချက်ဖြင့် အိန္ဒိယနိုင်ငံသို့ တရားဝင် လာရောက်လည်ပတ်ခဲ့သည်။ ဝမ်နှင့်အတူ တရုတ်စီးပွားရေးလုပ်ငန်းရှင် ၄၀၀ လိုက်ပါလာကာ အိန္ဒိယကုမ္ပဏီများနှင့် စီးပွားရေးအကျိုးတူ ဆောင်ရွက်ရန် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

"အိန္ဒိယနဲ့တရုတ်ဟာ ရှေးကျတဲ့ယဉ်ကျေးမှုတွေနဲ့ အတူထင်ရှားခဲ့တဲ့နှစ်နိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဟာလည်း လွန်ခဲ့တဲ့ နှစ် ၂၀၀၀ ကျော်ကတည်းက သမိုင်းရှိခဲ့ပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ၁၀ နှစ်သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးချိန်ကစလို့ ချစ်ကြည်ရေးနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဟာ ထူးထူးခြားခြား တိုးတက်လာပါတယ်"ဟု ဝမ်ကျားပေါင်က Tagore International School တွင် ၂၀၁၀ ဒီဇင်ဘာ ၁၅ ရက်နေ့က ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံဟိုင်နန်ရှိ Sanya တွင် ကျင်းပသော BRICS ထိပ်သီးအစည်းအဝေးတွင် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းရန် နှစ်နိုင်ငံသဘောတူခဲ့သည်။ ဂျမ်မူးနှင့် ကက်ရှ်မီးယားရှိ ဒေသခံများအတွက် ဗီဇာကိစ္စကိုလည်း ပြန်လည်စီမံပေးရန် တရုတ်က အရိပ်အယောင်ပြခဲ့သည်။

နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ဖလှယ်ရေးကြောင့် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃ ဘီလျံထိ ရှိခဲ့သည်။ သို့ရာတွင် ၂၀၁၂ တွင် အမေရိကန်ဒေါ်လာ ၆၆ ဘီလျံအထိ လျော့ကျခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၁၅ ခုနှစ်တွင် အိန္ဒိယသည် တရုတ်နှင့် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံအထိ ရှိလာမည်ဟု ဆိုခဲ့သည်။

၂၀၁၂ ခုနှစ် နယူးဒေလီတွင် ကျင်းပသော BRICS ထိပ်သီး အစည်းအဝေးတွင် "တရုတ်-အိန္ဒိယ ချစ်ကြည်ရေးတိုးတက် ဖို့ မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေဖို့နဲ့ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေဖို့ဟာ တရုတ်နိုင်ငံရဲ့ မသွေဖည်တဲ့ မူဝါဒပဲဖြစ်ပါတယ်။ ပြီးတော့ ငြိမ်းချမ်းသာယာဝပြောပြီး စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေတဲ့ အိန္ဒိယနိုင်ငံအဖြစ် မြင်ရမယ်လို့ တရုတ်ကမျှော်လင့်ပါတယ်"ဟု တရုတ်သမ္မတဟူကျင်းတောင်က အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းကို ပြော ကြားခဲ့သည်။

၂၀၁၃ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံတွင် သမ္မတသစ်မှာ ရှီကျင့်ဖျင်ဖြစ်ကာဝန်ကြီးချုပ်သစ်မှာ လီကေ့ကျန်း (Li Kegiang) ဖြစ်လာခဲ့သည်။ တရုတ်ဝန်ကြီးချုပ်သစ် လီကေ့ကျန်းသည် ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ၎င်း၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည်။ နှစ်နိုင်ငံနယ်စပ်ပြဿနာဖြေရှင်းရန်နှင့် စီးပွားရေးကိစ္စများ တွန်းအားပေးရန်ဖြစ်သည်။

၂၀၁၄ခုနှစ်စက်တင်ဘာလတွင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA)က Chumar ဒေသရှိ 'အမှန်တကယ် ကန့်သတ်ထားသောမျဉ်း' (LAC)အတွင်း ၂ ကီလိုမီတာအထိ ဝင်ရောက်လာသည်ဟု သတင်းထွက်ပေါ်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ တအုံနွေးနွေး၊ ဖြစ်ခဲ့ရသည်။ နှစ်နိုင်ငံဆက်ဆံရေးမှာ ယခုကာလတွင် သိပ်ပြင်းထန်မှုမရှိတော့သော်လည်း နှစ်နိုင်ငံကုန်သွယ်ရေးမှာ ၂၀၅၀ ပြည်နှင့်တွင် အမေရိကန်ဒေါ်လာ ၁ ထရီလီယံအထိ ရှိလာမည်ဟု မျှော်လင့်ထားကြသည်။

ယခုတော့ အိန္ဒိယဝန်ကြီးချုပ်သစ် မိုဒီက တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးသွားတော့မည်။ နယ်စပ်ဒေသအရေး နှစ်နိုင်ငံကုန်သွယ်ဖလှယ်ရေး၊ စစ်ရေး၊ ကာကွယ်ရေးအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စများလည်း ဆွေးနွေးမှုတွင် ပါဝင်ကြပေလိမ့်မည်။

အမေရိကန်အစိုးရသည် ဇွန်လ ၃၀ ရက်အထိ အီရန်နိုင်ငံ၏ နျူကလီးယားဆွေးနွေးမှုများ မပြီးမချင်း အဆိုပါ နိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများကို အဆောတလျင် မလုပ်ဆောင်ရဟု အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံများကို သတိပေးထားသော်လည်း အိန္ဒိယအစိုးရက ယင်းသတိပေးချက်ကို လျစ်လျူရှုကာ အီရန်နိုင်ငံ ဆီစတန်-ဘာလူချက်စတန်ပြည်နယ်အတွင်းရှိ ချမ်ဘာဟာမြို့၌ ဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် ယခုလ ၆ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးလိုက်သေးသည်။ မြန်မာအစိုးရသစ်နှင့်လည်း ၂၀၁၁ ခုနှစ်က ရွှေလမ်းငွေလမ်းဖောက်ခဲ့သေးသည်။ ယခု တရုတ်ပြည်ကို သွားဦးမည်။

အိန္ဒိယ၏အရှေ့မျှော်ဝါဒသည် အိန္ဒိယပြည်သူတွေအတွက် အကျိုးရှိဖို့လိုသလို ပူးပေါင်းလုပ်ဆောင်သည့်နိုင်ငံအတွက်လည်း အကျိုးရှိမှ တရားမျှတပေမည်။

အမှန်စင်စစ် မည်သည့်မူဝါဒကို ကျင့်သုံးသည်ဖြစ်စေ သမုဟကျစေမည့်Win-Win Situation ကိုသာ လက်ကိုင်ထားဖို့လိုသည်။ သူလည်းသာစေ၊ ကိုယ်လည်းသာစေဖြစ်သည်။ ဒီမိုကရေစီအစိုးရ၏ လုပ်ဆောင်ချက်တိုင်းသည် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ဖို့ချည်းဖြစ်ရာ ဉာဏ်အမြော်အမြင်ကို အားကိုးသင့်ကြောင်း တင်ပြလိုပါသည်။

# လေပြင်းတိုက်ခတ်၍ မြစ်ငယ်မြို့တွင် နေအိမ်အချို့ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရ

**မြစ်ငယ် မေ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၌ မိုးနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မေ ၈ ရက် ည ၁၁ နာရီခွဲက မြစ်ငယ်မြို့တွင်းရှိ သစ်ပင် သစ်ကိုင်းများကျိုးကျခြင်း၊ အမြစ်မှကျွတ်၍ လဲကျခြင်းများကြောင့် လျှပ်စစ်ဓာတ်ကြိုးများနှင့်ဆက်သွယ်ရေးတယ်လီဖုန်း(ကြိုးဖုန်း)လိုင်းများ ပြတ်တောက် သွားခဲ့ကြောင်းနှင့် ကားလမ်းများ ပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြစ်ငယ်ရထားလက်ထောက်မန်နေဂျာ ဦးကျော်ကျော်ဦး၊ မြစ်ငယ် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်စေတနာရှင်လုပ်အားပေးများက ညတွင်းချင်းစတင်၍ပိတ်ဆို့မှုများကို ရှင်းလင်းခဲ့သည်။



အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြစ်ငယ်မြို့ရန်ကင်းရပ်ကွက်ရှိ (ဖြိုး)လက်ဖက်ရည် ဆိုင်အနီးရှိ တမာပင်ကြီးနှစ်ပင်လဲကျ၍ ဆိုင်ပေါ်သို့ ကျိုးကျခဲ့ရာ ဆိုင်မှာ ပျက်စီးဆုံးရှုံးသွားခဲ့ပြီး ဆိုင်ရှင် ဦးသန်းဦးနှင့်ဇနီး၊ သားနှစ်ဦးတို့ဆိုင်တွင်းမှ ခဲရာခဲဆစ်ထိုးထွက်ခဲ့ရကြောင်း၊ နှင်းဆီရပ်ကွက်နေကိုအောင်ကျော်နှင့် မသန်းသန်းညွှန့်တို့ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း၊ အောင်မင်္ဂလာရပ်ကွက် လူနေအိမ်တစ်လုံးပေါ်သို့ ညောင်ပင်ကြီး ပြိုကျ၍ အိပ်ပျော်နေသော ဦးဒေါ်ဒွေတွင် ဒဏ်ရာများရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ အောင်ကပ်ကျော်ရပ်ကွက်မှ အသက် ၇၀ ကျော်အဘွားအိုတစ်ဦးမှာလည်း သစ်ကိုင်းရိုက်ခတ်မှုကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# လေပြင်းတိုက်စဉ် သစ်ကိုင်းကျိုးကျ၍ လူတစ်ဦးသေဆုံး

**ရွှေဘို မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့၌ မေ ၇ ရက် ည ၈ နာရီခန့်က မိုးသက်လေပြင်း တစ်နာရီ ၄၀-၄၅ မိုင်နှုန်းတိုက်ခတ်ခဲ့ရာ ကျောက်မြောင်းမြို့ အမှတ်(၂)ရပ်ကွက် လပြည့်ဝန်း လက်ဖက်ရည်ဆိုင်အနီး ညောင်ပင်မှသစ်ကိုင်းကျိုးကျသဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် သီလကျေးရွာမှကျောက်မြောင်းမြို့သို့လာရောက်အလုပ်လုပ်ကိုင်သူ အေးကို (၃၈ နှစ်)၏ ဦးခေါင်းပေါ်သို့ကျရောက်၍ ဒဏ်ရာရရှိခဲ့သဖြင့် ကျောက်မြောင်းမြို့ဆေးရုံသို့ခေါ်ဆောင်သွားစဉ် ဆေးရုံ၌ သေဆုံးသွားခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်မြောင်းမြို့ရှေးဟောင်းသမိုင်းဝင်ရွှေနှုန်းတိုးစေတီတော်ကြီး၏ ထီးတော်ဘုံအဆင့်များမြေခခဲ့ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဟင်္သာရုပ်တို့မှာ စတီးကြိုးနှင့်အတူတွဲလောင်းကျ၍မြေခခဲ့ခြင်းမရှိကြောင်း သိရသည်။

**စိုးသီဟ(iprd)**

# ရမည်းသင်းမြို့၌ လေပြင်းများ တိုက်ခတ် မူလတန်းကျောင်းဆောင်များ သွပ်မိုးများပျက်စီး

**ရမည်းသင်း မေ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာနှင့် ဘုမ္မကျေးရွာတွင် မေ ၅ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အမက ကျောင်းဆောင်များ အမိုးသွပ်ပြားများ ပျက်စီးကြောင်း သတင်းရရှိ၍ ပျက်စီးမှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်မြက်အောင်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စိုးမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအင်ဂျင်နီယာမှူးတို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။

ကျောင်းများပြန်ဖွင့်အမီ အမိုးများပြန်လည်ပြုပြင်နိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကုန်ကျငွေများပံ့ပိုး၍ တစ်ပတ်အတွင်းအမြန်အကောင်အထည်ဖော်ဆောင်ရွက်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ဇီးကုန်းမြို့မ စည်ပင်သာယာဈေးကြီး ညဘက်မီးလောင် ဈေးဆိုင်ခန်းနှစ်ခန်း မီးလောင်ပျက်စီးဆုံးရှုံး

**ဇီးကုန်း မေ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်စည်ပင်သာယာဈေးကြီးတွင် မေ ၈ ရက် နံနက် ၃ နာရီက ဈေးကြီး၏ အရှေ့ဘက်တန်းရှိ ဆိုင်ခန်းနှစ်ခန်းနေရာမှ မီးစတင်လောင်နေကြောင်း အာရုံမီးခွက်ဈေးရောင်းသူများ၏ ကြိုတင်သတင်းပေးမှုကြောင့် အခင်းဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦးနှင့် စည်ပင်သာယာဝန်ထမ်းများ၊ ဈေးသူဈေးသားများက မီးသတ်မော်တော်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃ နာရီ ၂၃ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စည်ပင်ဈေးဆိုင်တန်းရှိ တိုးလျှံ လက်ဖက်ရည်ဆိုင်၏ မီးကြွင်းမီးကျန်မှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဈေးရောင်းချသူ အောင်ကျော်မိုး (၃၄နှစ်) ငွေလမင်း အမှတ်(၂) ရပ်ကွက်နေသူကို ဇီးကုန်းမြို့မရဲစခန်းမှတပ်ကြပ်ကြီးဝင်းစိုး တရားလိုပြုလုပ်၍ အမှုစစ်ဒုရဲအုပ်မျိုးမင်းဇံက ဆက်လက်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ဇီးကုန်း)**

## သိပ်ချစ်ရတဲ့ 'သဲ'၏

၁၀-၅-၁၅ရက်နေ့တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြီးပြည့်စုံပြီး တိုင်းပြည်အကျိုးကို အတူတကွ လက်တွဲသယ်ပိုး၍ သာသနာကို စောင့်ရှောက်နိုင်သော အမျိုးကောင်း သမီးလေးဖြစ်ကာ မိသားစုအပေါ် ယခုထက် ပိုမိုနွေးထွေးကြင်နာနိုင်ပါစေလို့ .....

**ချစ်တဲ့မောင်**

**သမီး-မြတ်မနောဖြူ၊ မြတ်ပန်းနုံ့သာ**

# နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
# ပါရဂူ(Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၅ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက်လျှော့ပေါ့ စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ မဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

- အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၆-၅-၂၀၁၅ရက် (စနေနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာ ဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၃-၅-၂၀၁၅ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်းအဆင့်-၁ (ကျောင်းသားရေးရာ) ဖုန်း-၅၈၅၀၇၂(Ext-၁၁၂)၊ ၅၃၆၇၆၁ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်-၁**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## အမည်ပြောင်း

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ သခွတ်ကုန်းရပ်ကွက်၊ ဖာကူးလမ်းနေ ဦးဟန်မင်းချို၏သား မောင်နေအောင်မင်းဝင်းအား မောင်အောင်မင်းဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ကံမမြို့နယ်၊ ဂုံမင်းမြောင်ကျေးရွာနေ ဦးလှတိုး၏သမီး နဝမတန်းကျောင်းသူ မသရဖီတိုးအေး မသက်ဂျူးစံဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ဂျူးစံ**

## တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသားလမ်း (၈)လမ်း၊ ကျောက်ခင်းလမ်း (၁၀)လမ်း၊ သံကူကွန်ကရစ်တံတား (၃၉)စင်း၊ ဘာသာရေးအဆောက်အအုံတစ်ခု၊ အိမ်ရာဆောက်လုပ်ရေးလေးလုံး၊ ရေသွယ်တန်းခြင်း ၁၇ခု၊ အဝီစိတွင်းတူးခြင်း ၁၄ခု၊ ဆိုလာမီးရရှိရေးကျေးရွာ ၂၁ရွာ၊ ရေပြွန်ရှစ်ခု လုပ်ငန်းများအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါ အတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** | - | ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၉:၃၀နာရီ |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၀၀နာရီ |
| **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့ ဖုန်း-၀၅၉-၄၁၀၁၃၊ ၀၅၉-၄၁၁၂၆ |

**မြိတ်ခရိုင်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် မွန်ပြည်နယ်သမဝါယမဦးစီးဌာန၊ တိုးချဲ့ဆောင်(ပေ၃၀×၂၇ပေ) RC (နှစ်ထပ်) တစ်ဆောင်ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၁၂-၅-၂၀၁၅ရက် |
| **တင်ဒါရောင်းချမည့်နေရာ** | - | မွန်ပြည်နယ်သမဝါယမဦးစီးဌာန၊ မော်လမြိုင်မြို့ |
| **တင်ဒါသွင်းရမည့်ရက်** | - | ၂၉-၅-၂၀၁၅ရက် |
| **တင်ဒါသွင်းရမည့်အချိန်** | - | မွန်းတည့် ၁၂:၀၀နာရီ |
| **တင်ဒါသွင်းရမည့်နေရာ** | - | မွန်ပြည်နယ်သမဝါယမဦးစီးဌာန၊ မော်လမြိုင်မြို့ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွန်ပြည်နယ်သမဝါယမဦးစီးဌာန ဖုန်း- ၀၅၇-၂၄၆၈၄၊ ၀၅၇-၂၄၆၈၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်စိစစ်ရွေးချယ်ရေးအဖွဲ့**

# စဉ့်ကူးမြို့နယ်တွင် လေပြင်းတိုက်ခတ်၊ မိုးသည်းထန်စွာရွာပြီး လူနေအိမ်ပေါ် သစ်ပင်ပြိုလဲ

**စဉ့်ကူး မေ ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မေ ၇ ရက်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် စဉ့်ကူးမြို့နှင့်အနီးပတ်ဝန်းကျင်ဖြစ်သော သီလုရွာ၊ ကြို့ပင်၊ ရွာသစ်ဖျား၊ ချောင်းဝ စသည့်ကျေးရွာများတွင် သွပ်မိုးများလန်ခြင်း၊ ဒိုင်း၊ ထုပ်တန်း၊ လျှောက်တန်းများပြုတ်ထွက်ခြင်း၊ သစ်ပင်များပြိုလဲပြီး လူနေအိမ်ပေါ်သို့ကျရောက်ခြင်း၊ အိမ်ခေါင်မိုးများလန်ခြင်း ဖြစ်ပေါ်ခဲ့ကာ စဉ့်ကူးမြို့နှင့်လက်ပန်လှကျေးရွာတို့တွင် လျှပ်စစ်တိုင်များနှင့် ဆက်သွယ်ရေးဖုန်းတိုင်များ ပြိုလဲပျက်ကျ ခြင်းတို့ကြောင့် လျှပ်စစ်မီးနှင့်ဖုန်းဆက်သွယ်မှုများ ပြတ်တောက်လျက်ရှိပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

"အခုတိုက်ခတ်တဲ့လေက အတော်ပြင်းပါတယ်။ တစ်နာရီမိုင် ၆၀ နဲ့ ၇၀ ကြားလောက် တိုက်ခတ်သွားတယ်လို့ ထင်ပါတယ်။ လေပြင်းတယ်ဆိုတာသိတာနဲ့ အိမ်နောက်ခန်းထဲမှာ ပစ္စည်းများသိမ်းနေတဲ့ ကျွန်တော့်အမျိုးသမီးကို အိမ်ရှေ့ခန်းကို လာခဲ့ဖို့ခေါ်ပါတယ်။ ကံအားလျော်စွာ အိမ်ရှေ့ခန်းလည်းရောက်ရော အိမ်ပေါ်တည့်တည့် သစ်ပင်ကြီး ပြိုလဲကျတော့တာပဲ။ ကျွန်တော့်မိသားစု အိမ်ရှေ့ခန်းတံခါးပေါက်က တိုးထွက်နိုင်ခဲ့လို့ အသက်ဘေးမှ ကံကောင်းထောက်မစွာလွတ်ခဲ့ပါတယ်"ဟု စဉ့်ကူးမြို့ရပ်ကွက်(၂)မှ သစ်ပင်ပြိုလဲအပိခံရသူ အိမ်ရှင်ကိုသိန်းဌေးက ပြောပြသည်။

စဉ့်ကူးမြို့နယ်အတွင်း မိုးနှင့်လေတိုက်ခတ်ခဲ့မှုများတွင် အင်အားအပြင်းဆုံး မိုးသက်လေပြင်းဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောဆိုနေကြပြီး အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျောက်မြောင်းမြို့တွင်လည်း ညောင်ကိုင်းပြတ်ကျရိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(စဉ့်ကူး)**



# ပွင့်ဖြူ၌ လေပြင်းထန်စွာ တိုက်ခတ်

**ပွင့်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မေ ၇ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က ပွင့်ဖြူတစ်မြို့နယ်လုံး နီးပါး လေပြင်းများ မိနစ် ၃၀ ခန့်ဝှေ့ယမ်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းမရှိဘဲ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားကာ သစ်ပင်ပြိုလဲကျခြင်း၊ မိုးကြိုးထိမှန်၍သေဆုံးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းဝှေ့ယမ်းတိုက်ခတ်မှုကြောင့် မင်းဘူး-စလင်းကားလမ်းပေါ်ရှိ ပွင့်ဖြူမြို့နယ် လယ်ဖီလာကျေးရွာအနီးတွင် သစ်ပင်များ လဲကျမှုကြောင့် ခရီးသွားယာဉ်များ ယာဉ်ကြောပိတ်ဆို့ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာများ၊ မြို့နယ် ဖွံ့ဖြိုးရေးကော်မတီနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လာရောက် ခုတ်ထွင်ရှင်းလင်းပေးခဲ့၍ ခရီးသွားယာဉ်များ အဆင်ပြေစွာသွားလာနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာ အရှေ့ဘက်မြောင်းပေါင်ဘေး၌ မတင်မင်းထွေး (၉)နှစ် စတုတ္ထတန်းကျောင်းသူသည် လေပြင်းတိုက်ခတ်၍ သရက်သီးသွားရောက်ကောက်ယူရာ မိုးကြိုးထိမှန်ပြီး နေရာ၌ ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဗန်းမောက်မြို့နယ် သရက်ကုန်းကူးဆိပ်လမ်းမကြီးကိုဖြတ်၍ စက်ယန္တရားများဖြင့် ရွှေတူးဖော်နေမှု သွားလာသူများအခက်တွေ့

**ဗန်းမောက် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံစီကြီးအုပ်စု သရက်ကုန်းကူးဆိပ်ရွှေမှော်တွင် ရွှေတူးဖော်နေသောကုမ္ပဏီတစ်ခုသည် အမည်ပေါက်လမ်းမကြီးကိုဖျက်ကာ တရားမဝင် ရွှေသတ္တုတူးဖော်လျက်ရှိသဖြင့် ခရီးသွားလာမှုများကို ထိခိုက်စေလျက်ရှိကြောင်း သိရသည်။

ယခင်က ကုမ္ပဏီများ၊ လမ်းများ မပျက်စီးစေရန် လက်မှတ်ရေးထိုးထားရှိသော်လည်း ယခုအခါ အများပြည်သူသွားလာနေသည့်လမ်းတွင် စက်ယန္တရားများဖြင့် လမ်းမကြီးအားဖျက်ဆီး၍ ရွှေတူးဖော်လျက်ရှိရာ ခရီးသွားလာသူများ ကွေ့ပတ်သွားနေရသဖြင့် ခရီးလမ်းအချိန်ကြန့်ကြာလျက်ရှိရာ ခရီးသွားလာမှု အခက်အခဲကို အမြန်ဆုံးဖြေရှင်းပေးရေး ဒေသခံများနှင့် အုပ်ချုပ်ရေးမှူးအချို့ကလိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသည် မံစီကြီးအုပ်စု သရက်ကုန်းကူးဆိပ်ရွှေမှော်အနီး ဈေးတန်းများကိုလည်း ဖယ်ရှားခိုင်းပြီး ရွှေမှော် (၁၅)မှော်ကျော်အားတစ်ဦးတည်းလုပ်ကိုင်နေကြောင်း၊ ဖယ်ရှားခံရသောဈေးဆိုင်များကို ဆောက်လုပ်ပေးမှုမရှိဘဲ တရားမဝင် ဘက်ဟိုးစက်ယန္တရားများဖြင့် ရွှေရှာဖွေနေကြောင်း၊ ကူးဆိပ်ဈေးဆိုင်များနှင့် ဒေသခံများ ကြုံတွေ့နေရမှုကို သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေး၍ ရွှေတူးဖော်မှုကို တားမြစ်ပေးရေး လိုလားနေကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ဆိုင်ကယ်တိမ်းမှောက်၍ အမျိုးသားတစ်ဦးသေဆုံး

**ဆိပ်ဖြူ မေ ၉**

မေ ၈ ရက် ည ၉ နာရီက ဆိပ်ဖြူပြည်သူ့ဆေးရုံ၌ ဆိုင်ကယ်တိမ်းမှောက်၍ သေဆုံးသွားသူ အမျိုးသားတစ်ဦး ရောက်ရှိလာကြောင်း သတင်းအရ ဆိပ်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်စိုးခိုင်နှင့် သက်သေများ သွားရောက် စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ကျော်မိုး (၄၅နှစ်) ဂျုတ်လေးကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူဖြစ်ပြီး ရှောက်ပင်ကျေးရွာမှ ဂျုတ်ချောင်းလေးရွာသို့ ဆိုင်ကယ်ဖြင့် တစ်ဦးတည်းမောင်းနှင်လာခဲ့စဉ် ဆိပ်ဖြူ- ဆောကားလမ်းမိုင်တိုင်အမှတ် ၉/၂ အနီးတွင် ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သောကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ကျော်မိုးကို ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# အမေများနေ့ကို ဂုဏ်ပြုသောအားဖြင့် MPT မှ ၃၀ ရာခိုင်နှုန်း အပိုဆောင်းပေး

**နေပြည်တော် မေ ၉**

အမေများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် သုံးစွဲသူများအား မိဘများထံသို့ ဖုန်းပိုမိုခေါ်ဆိုနိုင်ရန်အတွက် ဖုန်းငွေဖြည့်လျှင် ၃၀ ရာခိုင်နှုန်း ထပ်မံအပိုဆောင်းပေးခြင်းဖြင့် အထူး အရောင်းမြှင့်တင်ခြင်းပြုလုပ်မည်ဖြစ်သည်။ အပိုထပ်ဆောင်းငွေကို ရရှိခံစားနိုင်ရန်အတွက် မေ၁၀ ရက်မှ ၁၆ ရက်အတွင်း သုံးစွဲသူများသည် မည်သည့်အချိန်တွင်မဆို ဖုန်းငွေဖြည့်နိုင်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မည်သည့်ဖုန်းနံပါတ်ကိုမဆို မေ ၁၀ ရက်မှ ၃၁ ရက်အထိ ခေါ်ဆိုအသုံးပြုနိုင်မည်ဖြစ်သည်။ GSM, WCDMA နှင့် CDMA သုံးစွဲသူများအားလုံးသည် ဤအရောင်းမြှင့်တင်ရေးအစီအစဉ်အတွက် အကျုံးဝင်သည်။ ငွေဖြည့်သည်နှင့် သုံးစွဲသူ၏ဖုန်းသို့ အပိုထပ်ဆောင်းငွေကို အလိုအလျောက်ဖြည့်သွင်းပေးသွားမည် ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖုန်းနံပါတ်များသို့ ဖုန်းခေါ်ဆိုခြင်းအတွက်သာ အပိုထပ်ဆောင်းငွေကို အသုံးပြုနိုင်ပြီး အပိုထပ်ဆောင်းငွေ ရရှိရန် ငွေဖြည့်နိုင်သည့် နည်းလမ်းများမှာ ခဲခြစ်ကတ်၊ အီလက်ထရွန်နစ်ငွေဖြည့်ကတ်၊ ဘဏ်မှတစ်ဆင့် ငွေဖြည့်ခြင်းနှင့် Myanmar Mobile Money မှ ငွေဖြည့်ခြင်းတို့ဖြစ်သည်ဟု သိရသည်။

| ငွေဖြည့်သည့်ပမာဏ | အပိုထပ်ဆောင်းပေးငွေ |
|---|---|
| ၁၀၀၀ ကျပ် | ၃၀၀ ကျပ် |
| ၃၀၀၀ ကျပ် | ၉၀၀ ကျပ် |
| ၅၀၀၀ ကျပ် | ၁၅၀၀ ကျပ် |
| ၁၀၀၀၀ ကျပ် | ၃၀၀၀ ကျပ် |
| ၂၀၀၀၀ ကျပ် | ၆၀၀၀ ကျပ် |
| ၃၀၀၀၀ ကျပ် | ၉၀၀၀ ကျပ် |

( CDMA သုံးစွဲသူများသည် Myanmar Mobile Money မှ ငွေဖြည့်၍ မရနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www.mpt.com.mm (သို့မဟုတ်) www.facebook.com/mptofficialpage သို့ ဝင်ရောက်ကြည့်ရှုခြင်း(သို့မဟုတ်) ဖုန်းနံပါတ် ၁၀၆(၂၄ နာရီအခမဲ့ ဖုန်းဖြေကြားခြင်းဌာန) သို့ ခေါ်ဆိုခြင်းဖြင့် စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

Ball

Ball Corporation a 135-year old American manufacturing company providing metal packaging for beverages, foods and household products, and of aerospace and other technologies and services to commercial and governmental customers. Ball Corporation is now in Myanmar, building aworld-class manufacturing plant in Thilawa Special Economic Zone with safe and socially responsible working conditions. If you want to be part of the team, we invite you to apply or the following job openings. Interested applicants may send their CVs with expected salary to bapmrecruit@asia.ball.com no later than 12 May 2015, stating the applied post in the subject line or send application to 6th Floor, 99 Condo (left entrance), No. 99, Dhamazedi Road (near Coffee Circle), Yangon, Myanmar.

1) **Engineering Manager** - B.E (Engineering), Post Graduate in Engineering is also an advantage but not compulsory. At least 5 years of working experience in engineering projects and troubleshooting.
2) **Production Control Manager** -Bachelor degree in any field. At least 5 years of working experience in production control/ manufacturing at managerial level.
3) **Purchasing Manager** - Bachelor Degree in any field. At least 5 years of work experience in purchasing field at a managerial level.
4) **Human Resources Manager** - Bachelor Degree in any field. At least 5 years of working experience in human resources management at managerial level.
5) **Commercial Manager** - Bachelor Degree in any field. At least 5 years of working experience in sales and commercial area at managerial level.
6) **Commercial Coordinator**
Bachelor degree in any field. At least 2-3 years experiences in sale and commercial field.
7) **IT Specialist** - Bachelor degree in information technology or equivalent. At least 4 years of working experience information technology.
8) **IT Assistant** - Diploma in Information Technology with 3 years of experience in IT.
9) **Maintenance Mechanic** - AGTI or equivalent. 3 years of job-related experience.
10) **Supervisor Plant Maintenance**
Bachelor of Engineering. At least 3 years of work experience in a manufacturing plant.
11) **Supervisor Warehouse** - Bachelor degree in any related field. At least 3 years' experience in warehouse operation and 1 years as warehouse supervisor.
12) **Supervisor – Production** - Bachelor degree in any field. At least 5-year experience in logistic management, supply chain and/or production planning.
13) **Inspector (Quality Assurance)** - Bachelor degree in any field. Minimum 3 years of hands-on experience related to checking quality standards of products.
14) **Operator** - High school education or equivalent. Minimum 2 years of job related experience. Must be mechanically inclined.
15) **Maintainer (Chemical Process)**
AGTI or Bachelor of Engineering. Minimum 2 years of job related experience.
16) **Supervisor – Quality** - Bachelor degree in any field. Broad experience in the technical field usually acquired though working in quality assurance.
17) **Production Technician**
AGTI or Bachelor of Engineering. Mechanical job related experience for minimum 1 year.
18) **Buyer** - Bachelor degree in any field. Minimum 3 years of experience in procurement or logistics.
19) **Graphics Coordinator** - Bachelor degree in any field. Minimum 2 years of job related experience. Ability to operate and functionally use a computer, especially Photoshop.
20) **Specialist - Customer Technical Service** - AGTI or Bachelor of Engineering. Minimum 5 years' experience in quality control, quality assurance and/or job related experience.
21) **Technician Electronic**
AGTI or Bachelor of Engineering. At least 3 years of work experience as technician.
22) **Machinist** - AGTI or equivalent required. At Least 2 years work experience as a machinist. Ability to read and interpret drawings.
23) **Procurement and Logistic Assistant**
Bachelor degree in any related field. At least 3 years of working experience in sourcing suppliers
24) **Supervisor - Engineering Electrical**
AGTI or Bachelor of Engineering. At least 4 years of work experience in a supervisory role.
25) **General Management Office Assistant** - Bachelor degree in any related field. At least 3 years of work experience in secretarial and administration functions.
26) **Storekeeper** - Bachelor degree in any related field. Minimum 2 years of job related experience.
27) **Material Handler (Forklift Driver)** - At least high school level. 3 years' experience in driving forklift.


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်
SAMSUNG
www.facebook.com/samsungmobile.myanmar
Samsung Customer Contact Centre 01-23 99 888 Mon-Sun : 8AM to 6PM (အစိုးရ ရုံးပိတ်ရက်များအပါအဝင်)

# မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတရှားပါးနေပြီဖြစ်သော်လည်း ၁၀ နှစ်တာကာလအတွင်း ငါးထုတ်လုပ်မှုနှစ်ဆမြင့်မားလာ

**ဖျာပုံ မေ ၉**

မြန်မာနိုင်ငံ၏ ငါးဖမ်းရေပိုင်နက်သည် စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ရှိပြီး ၁၉၇၉-၁၉၈၀ ခုနှစ်များက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင်စီးပွားရေးဇုန် ရေအနက် မီတာ ၂၀၀ မှ ၄၀၀ အတွင်း ငါးသယံဇာတ အခြေအနေကို ရက်ပေါင်း ၁၀၂ ရက် သုတေသနပြုလုပ်ခဲ့ရာ ငါးသယံဇာတ နှစ်စဉ်တန်ချိန် တစ်သန်းကျော်အထိ မျိုးမသုဉ်းစေဘဲ ဖမ်းယူရရှိနိုင်ကြောင်း မှတ်တမ်းပြုခဲ့သော်လည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်ထိ နော်ဝေနိုင်ငံမှ ပညာရှင်များ ထပ်မံ သုတေသနပြုလုပ်ရာတွင် မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတ ၄၀ ရာခိုင်နှုန်းသာ ရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် မှတ်တမ်းအရ သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှတ်တမ်းအရ ငါးပုစွန်ထုတ်လုပ်မှုသည် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မက်ထရစ်တန် ထောင်ပေါင်း ၁၂၈၈ ဒသမ ၇၁ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးနိုင်ခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင်မက်ထရစ် ထောင်ပေါင်း ၂၃၂၂ ဒသမ ၆ တန်အထိ ထုတ်လုပ်ပေးသည့်အတွက် ၁၀ နှစ်တာကာလအတွင်း နှစ်ဆနီးပါး မြင့်တက်လာကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ ရှားပါးနေချိန် ရေငန်ငါးပုစွန် နှစ်ဆနီးပါး ဖမ်းယူရရှိလာခြင်းသည် ငါးပုစွန်ဖမ်းဆီးရေး နည်းပညာရပ်များ မြင့်မားလာခြင်း၊ ပိုက်ကွက်စိတ်များဖြင့် ငါးအသေးအကြီးများဖမ်းခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခြင်း၊ ငါး၊ ပုစွန်ဖမ်းဆီးခြင်းမပြုရန် သတ်မှတ်ကာလအတွင်း တရားမဝင်ဖမ်းဆီးခြင်းတို့နှင့် "ဥ" ချရာသီမကျန် ဖမ်းဆီးခြင်းတို့ဖြစ်ကြောင်း ပညာရှင်တို့က သုံးသပ်ထားကြောင်း သိရသည်။

အိမ်နီးနားချင်းနိုင်ငံများတွင် ငါးသယံဇာတများ ရှားပါးနေပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သည့်နှစ် ၃၀ နှင့် နှိုင်းယှဉ်လျှင် ငါးသယံဇာတ ၈၀ရာခိုင်နှုန်း ကျဆင်းနေပြီဖြစ်ကြောင်း သုတေသနပြုသူတို့က ဆိုသည်။ သို့သော်လည်း အရှေ့တောင်အာရှနိုင်ငံများအတွင်း၌ ငါးသယံဇာတထုတ်လုပ်မှုသည် အမြင့်ဆုံး ရပ်တည်လျက်ရှိနေသေးကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင် လက်ရှိအခြေအနေထက် ငါးသယံဇာတများ ရှားပါးမသွားစေရေးအတွက် နော်ဝေနိုင်ငံ သိပ္ပံပညာရှင်များနှင့်အတူ ငါးသုတေသနသင်္ဘောသည် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းရေပိုင်နက်အတွင်း ဧပြီ ၂၈ ရက်မှ ဇွန် ၂၁ ရက်အထိ ငါးသယံဇာတများ သုတေသနပြုလုပ်လျက်ရှိပြီး ယခင် သုတေသနပြုလုပ်ခဲ့သည့် အခြေအနေများနှင့်ပေါင်းစပ်ပြီး အနာဂတ်ကာလ မြန်မာနိုင်ငံ၏ ငါးသယံဇာတကို ထိန်းသိမ်းရမည့် စည်းကမ်း နည်းလမ်းများ သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။ **အောင်ဝင်း(ဖျာပုံ)**






## စမ်းချောင်းမြို့နယ် အခွန်ဆိုင်ရာများ ရှင်းလင်း

**ရန်ကုန် မေ ၉**

စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်အသုံးပြုခြင်း အခွန်ဆိုင်ရာ ဆွေးနွေးပွဲကို မေ ၆ ရက် နံနက်က စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်၊ မြို့နယ်အခွန်ဦးစီးမှူး ဦးမြင့်ထွန်း၊ မြို့နယ်တွင်း ဌာနဆိုင်ရာများ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းမှ လုပ်ငန်းရှင်များ တက်ရောက်သည်။

အခွန်ဆိုင်ရာ ရှင်းလင်းပွဲ၌ ၂၀၁၅ ပြည်ထောင်စု အခွန်အကောက် ဥပဒေပါပြဋ္ဌာန်းချက်များ၊ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပြင်ဆင်သည့် ဥပဒေများနှင့် စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် အသုံးပြုလျက်ရှိသော ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် အသုံးပြုပုံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **ကိုကြီးတင်**

## မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

**မကွေး မေ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌မကွေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် (၂၅)မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့သည် မေ ၅ ရက်က လေးလပတ်အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးအဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်က အမှာစကားပြောကြားပြီး (၂၅)မြို့နယ်မှ မြို့နယ်ဟောင်း အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## တရားရုံးသတင်းပြန်ကြားရေးဆိုင်ရာအလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း) (United States Agency for International Development Promoting the Rule of Law Project USAID-PRLP) တို့ ပူးပေါင်း၍ ပြုလုပ်သော တရားရုံးသတင်းပြန်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Public Information and Community Outreach Workshop for the Courts) ကို မန္တလေးချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက်မှ ၉ ရက်အထိ၊ မေ ၁၁ ရက်မှ ၁၃ ရက်ထိ နှစ်သုတ်ခွဲပြုလုပ်မည်ဖြစ်ပြီး အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တရားရေးဦးစီးမှူးများ၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့်တွဲဖက်တရားသူကြီးများ စုစုပေါင်း ၁၄၁ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် 300000 DWT Crude Oil Jetty waterway အား Dredging နှင့် မြေသားစုပုံခြင်းလုပ်ငန်းသို့ Dredger HaM312 ရေယာဉ်ဖြင့်အောက်ဖော်ပြပါ Coordinates များတွင် ၁၀-၅-၂၀၁၅ ရက်မှ ၁၀-၈-၂၀၁၅ ရက်နေ့အထိဆောင်ရွက်မည်ဖြစ်ပါသည်။

(က) Dredging ပြုလုပ်မည့်လုပ်ငန်းဧရိယာ

| Point | Latitude | Longitude |
|---|---|---|
| HN1 | 93˚ 40' 39.03"E | 19˚ 23'04.45"N |
| HN2 | 93˚38' 19.58"E | 19˚23' 33.11"N |
| HN3 | 93˚37' 56.49"E | 19˚23' 40.16"N |
| HN4 | 93˚37' 35.82"E | 19˚23' 52.28"N |
| HN5 | 93˚37' 18.83"E | 19˚24' 08.72"N |
| HN6 | 93˚35' 24.63"E | 19˚26' 23.33"N |
| HN7 | 93˚20' 43.10"E | 19˚29' 54.21"N |
| HS1 | 93˚40' 36.42"E | 19˚22' 53.01"N |
| HS2 | 93˚37' 35.69"E | 19˚23' 30.14"N |
| HS3 | 93˚35' 39.32"E | 19˚25' 47.31"N |
| HS4 | 93˚35' 23.99"E | 19˚26' 02.87"N |
| HS5 | 93˚35' 03.47"E | 19˚26' 15.36"N |
| HS6 | 93˚34' 42.34"E | 19˚26' 22.73"N |
| HS7 | 93˚20' 40.23"E | 19˚29' 44.11"N |
| GN1 | 93˚41' 34.75"E | 19˚22' 21.01"N |
| GN2 | 93˚41' 07.28 "E | 19˚22' 58.56"N |
| GS1 | 93˚41' 30.80"E | 19˚22' 04.71"N |
| GS2 | 93˚41' 22.93" E | 19˚21' 59.52"N |
| GS3 | 93˚41' 14.34"E | 19˚22' 00.99"N |

(ခ) မြေသားစုပုံမည့် ဧရိယာ (Toss mudarea)

AREA (A)

| Point | Latitude | Longitude |
|---|---|---|
| A | 93˚ 22' 42.38" E | 19˚ 32' 45.87" N |
| B | 93˚22' 19.01" E | 19˚31' 10.82" N |
| C | 93˚23' 59.25" E | 19˚30' 48.65" N |
| D | 93˚24' 22.64" E | 19˚32' 23.70" N |

AREA(B)

| Point | Latitude | Longitude |
|---|---|---|
| A | 93 32' 38.61" E | 19 27' 46.41" N |
| B | 93 35' 23.62" E | 19 26' 50.41" N |
| C | 93 33' 05.99" E | 19 27' 53.59" N |

(ဂ) ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ ( Shelter Anchorage)

| Point | Latitude | Longitude |
|---|---|---|
| Shelter (1) Center Point | 93˚37' 05.7420" E | 19˚25' 21.2040" N |
| Shelter (2) Center Point | 93˚39' 10.7779" E | 19˚23' 45.4641" N |
| Shelter (3) Center Point | 93˚39' 36.6783" E | 19˚23' 43.9506" N |
| Shelter (4) Center Point | 93˚ 39' 58.6483" E | 19˚23' 43.8978" N |

(ဃ) သင်္ဘောများ အန္တရာယ်ကင်းလွတ်နေရာ (Beaching area)

AREA(1)

| Point | Latitude | Longitude |
|---|---|---|
| A | 93˚34' 40.8381" E | 19˚25' 08.8180" N |
| B | 93˚34' 39.6329" E | 19˚25' 03.1834" N |
| C | 93˚ 35' 09.1561" E | 19˚24' 55.1601" N |
| D | 93˚35' 09.0128" E | 19˚25' 07.4005" N |

AREA (2)

| Point | Latitude | Longitude |
|---|---|---|
| A | 93˚ 35' 14.7660" E | 19˚24' 58.9947" N |
| B | 93˚35' 14.8818" E | 19˚24' 52.8627" N |
| C | 93˚35' 31.6016" E | 19˚24' 54.2140" N |
| D | 93˚ 35' 31.4619" E | 19' 24' 59.0975" N |

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာ ပတ်လည်အတွင်း ဘင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း ၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# နန်းကွေ့ချောင်းပေါ်ရှိ နန်ကျင်တံတားနှင့် ရွှေအိုက်တံတားသစ်များဖွင့်

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကွေ့ချောင်းပေါ်ရှိ နန်ကျင်ကျေးရွာ ရာဒါပူ-အောက်ချဲ လမ်းမ၌ ခရိုင်ဦးစီးဌာနမှ တာဝန်ယူ ဆောက်လုပ်ခဲ့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၆၆၀ ဖြင့် တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိ သံပေါင်ဘေလီတံတား အမျိုးအစား နန်ကျင်တံတားနှင့် နန်ပေါင်ရှောင်ကွင်းလမ်းမပေါ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၈၄၀ ကုန်ကျခံကာ တံတားအရှည်ပေ ၂၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစား ရွှေအိုက်တံတားများ ဖွင့်ပွဲအခမ်းအနားများကို မေ ၇ ရက်က အဆိုပါတံတားများ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တံတားများဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဦးစောသိန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားများကို လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ကချင်ပြည်နယ်အတွင်း ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ် လမ်းဦးစီးဌာနအနေဖြင့် အဆိုပါ တံတားများအပါအဝင် ပေ ၁၈၀ အထက်တံတား ၅၆ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၄၂၈ စင်း၊ ပေ ၅၀ အောက်ကွန်ကရစ်တံတား ၆၃၃ စင်း၊ ပေ ၅၀ အထက် ဘေလီတံတား ၅၄ စင်း၊ သစ်သားတံတား ၇၇၄ စင်းနှင့် ကြိုးတံတား ၇၄ စင်းတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်နိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် တံတားကြီးများ၊ လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# အလုံဈေးအား နှစ်ထပ်ဈေးသစ်အဖြစ် ပြုပြင်တည်ဆောက်မည်

**ရန်ကုန် မေ ၉**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောလမ်းနှင့် ငုဝါလမ်းထောင့်ရှိ အလုံဈေးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်ထပ်ဈေးအဖြစ် အဆင့်မြှင့်တည်ဆောက်မည် ဖြစ်သည့်အတွက် ပထမဦးစွာ ယာယီဆိုင်ခန်းများကို ဈေးပတ်လည်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း မေ ၇ ရက်က အလုံဈေးတာဝန်ခံ ဦးကျော်လှထံမှ သိရသည်။

ဆက်လက်၍ ဈေးတာဝန်ခံ ဦးကျော်လှက ပြောကြားရာတွင် အလုံဈေးအား နှစ်ထပ်ဈေးအဖြစ် ပြန်လည်တည်ဆောက်ရာတွင် ဈေးတစ်ခြမ်းကို ပထမဦးစွာ တည်ဆောက်မည်ဖြစ်ပြီး ယာယီဈေးဆောက်လုပ်ရန် နေရာအခက်အခဲရှိကြောင်း၊ ယာယီဆင်မင်းဈေး နေရာသည်လည်း မြက်ခင်းတု ဘောလုံးကွင်းတည်ဆောက်မည် ဖြစ်သောကြောင့် နေရာ အခက်အခဲရှိသည့်အတွက် ဈေးပတ်လည်တွင် (၄×၆) ပေ ယာယီဆိုင်ခန်း ၁၁၆ ခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ တည်ဆောက်ထားကြောင်း သိရသည်။



ယာယီဆိုင်ခန်းများအား ဈေးရုံတွင် လုံးဝဆိုင်မထွက်သော ဆိုင်ခန်းအား ပြန်မပေးဘဲမှတ်ပုံတင်အရ ဆိုင်ခန်းပိုင်ဆိုင်မှု လေးခန်းနှင့်သုံး ခန်းရှိသူများကို နှစ်ခန်းပေးပြီး နှစ်ခန်းပိုင်သူ တစ်ခန်းရမည်ဖြစ်ကြောင်းနှင့် နှစ်ထပ်ဈေး တည်ဆောက်ပြီးပါက အောက်ထပ်ရှိ ဆိုင်ခန်းများကို မူလဆိုင်ခန်းပိုင်ရှင်အားလုံးထံ ပြန်လည်ပေးအပ်ပြီး အပေါ်ထပ်တွင် ဈေးအတွင်းရှိ ပုံကျဈေးသည်များနှင့် ဈေးအပြင်ဘက် ပုံကျဈေးသည်များကို တစ်နေ့တာရောင်း ပြန်သိမ်းစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်သည်။

ကျန်ရှိသော ဈေးတစ်ခြမ်းကိုလည်း ပျက်စီးယိုယွင်းနေသောနေရာများကို ပြန်လည်ပြုပြင်မည်ဖြစ်ပြီး အဆိုပါနှစ်ထပ်ဈေးကို စက်တင်ဘာလ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်မောင်ဦး(အလုံ)**

# ခွေးကိုက်ခံရသူအများစုမှာ ပြင်ပမှဆေးများကိုဈေးကြီးပေး၍ ဝယ်ထိုးနေကြရ

**သာစည် မေ ၉**

သာစည်မြို့ပေါ် ရပ်ကွက်များနှင့်ကျေးလက်ဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း ခွေးရူးကိုက်ခံရသည့်သူများ များပြားလျက်ရှိသည်။ ခွေးရူးကိုက်ခံရသူများသည် မိမိတို့၏ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကုသရာတွင်လည်း ပြင်ပမှခွေးရူးပြန် ရောဂါကာကွယ်ဆေးများကို ဈေးကြီးပေး၍ ဝယ်ယူထိုးနှံနေကြရကြောင်း သိရသည်။

ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ပြင်ပမှဝယ်ယူရာ၌ ဆေးတစ်လုံးလျှင် ငွေကျပ် ၁၁၀၀၀ ပေး၍ ဝယ်ယူနေကြရကြောင်း၊ ခွေးရူးကိုက်ခံရသည့် ဆင်းရဲချို့တဲ့သူအချို့မှာ ပြင်ပအလှူရှင်ဖြစ်သည့် ရွှေနဂါးပွဲရုံသို့သွားရောက်၍ အကူအညီတောင်းခံပြီး ကာကွယ်ဆေးငါးလုံးပြည့်အောင် ထိုးနှံနေကြရကြောင်း၊ ရွှေနဂါးပွဲရုံမိသားစုသည် မည်သည့်ဝေဒနာရှင်မဆို အကူအညီတောင်းခံလာပါက ငွေသော်လည်းကောင်း၊ ဆေးသော်လည်းကောင်း ပံ့ပိုးကူညီမှုများ ပေးလျက်ရှိကြောင်း သိရသည်။

"ခွေးရူးပြန်ရောဂါကာကွယ်ဆေးပြင်ပမှာဝယ်ရင် ကာကွယ်ဆေးတစ်လုံးကို ငွေကျပ် ၁၁၀၀၀ ပေးဝယ်ရတယ်။ ရက်ပိုင်းခြားပြီး ငါးလုံးပြည့်အောင်ထိုးရတာဆိုတော့ တချို့မှာငွေကြေးမတတ်နိုင်ဘူး။ တချို့လည်းခွေးကိုက်ပေမယ့် ဆေးမထိုးနိုင်လို့ အသက်ဆုံးရှုံးသွားရတဲ့သူတွေလည်းရှိပါတယ်။ အပြင်ကအလှူရှင်ထံမှ ရရင်ရ၊ မရလို့ရှိရင်လည်း ငွေကြေးရှာဖွေပြီး ပြင်ပမှာဝယ်ထိုးနေကြရတာပါ" ဟု ခွေးရူးကိုက်ခံရသည့် မြေစို-မုန်တောကျေးရွာမှ ကိုလှဦးကပြောပြသည်။

**မောင်ကို(သာစည်)**

# တီဘီရောဂါရှာဖွေ၍ အခမဲ့ဓာတ်မှန်ရိုက် ဆေးကုသပေး

**ဒေါ့ဖုန်းယန် မေ ၉**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့အတွင်းရှိနေထိုင်သည့် မိဘပြည်သူများ တီဘီရောဂါကင်းဝေးပြီး ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် ပြည်နယ်တီဘီတိုက်ဖျက်ရေးဌာနမှ ပြည်နယ်တီဘီဆရာဝန်ကြီး ဒေါ်အိအိချောနှင့်အဖွဲ့သည် ဒေါ့ဖုန်းယန်မြို့မှ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ပြည်သူ့ဆေးရုံ၌ မေ ၅ ရက်က တီဘီရောဂါလာရောက်ပြသသူပေါင်း ၁၄၀ ရှိကြောင်း သိရသည်။ ဓာတ်မှန်ရိုက်စစ်ဆေးသူ ၁၀၃ ဦးထဲမှ သလိပ်စစ်ဆေးသူ ၁၆ ဦးရှိကြောင်းနှင့် အဆိုပါ ၁၆ ဦးထဲမှ တီဘီရောဂါပိုးတွေ့ရှိသူ ငါးဦးတွေ့ရှိရပြီး အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တရားမဝင် လက်နက်ပုန်းကိုင်ဆောင်ထားသူကို အမှုဖွင့်

**ကသာ မေ ၉**

ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းထွန်းနှင့်အဖွဲ့သည် သတင်းအရ မေ ၆ ရက်က သက်သေများနှင့်အတူ ဗန်းမောက်မြို့နယ် မင်းကုန်းကျေးရွာနေ ခင်မောင်ထူး၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်း အသစ်ဆောက်လုပ်နေသော နေအိမ်၏ ဝဲဘက် ယာယီနေအိမ်တဲအတွင်းမှ လိုင်စင်မဲ့လေသေနတ်တစ်လက်နှင့် ၄င်းကျည်ခဲသီးကိုးတောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။ တရားမဝင်လက်နက်ပုန်းကိုင်ဆောင်သူ ခင်မောင်ထူး(ခ)ကိုထူး(၃၉ နှစ်) မင်းကုန်းရွာ ဗန်းမောက်မြို့နယ်နေသူကို ဗန်းမောက်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# တရားမဝင်တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် ဆေးအရောင်းဆိုင်များကို စစ်ဆေး

**ပျဉ်းမနား မေ ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း သင်္ကြန်ကာလပြီးနောက် မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးများနှင့် တရားမဝင်တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိရေးအတွက် ကြိုတင်ကာကွယ်မှု အနေဖြင့် ဆေးဆိုင်များတွင် ၄င်းဆေးဝါးများနှင့်ပတ်သက်၍ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ မရှိစေရေးအတွက် မေ ၅ ရက်က ပျဉ်းမနားမြို့နယ် မြို့မဈေးအတွင်းရှိ ဆေးအရောင်းဆိုင်များကို ဝင်ရောက်ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆေးအရောင်းဆိုင်များစစ်ဆေးရာတွင် ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ နေပြည်တော် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်စည်ပင်ရုံးမှ ဝန်ထမ်းများပါဝင် စစ်ဆေးခဲ့ရာ ထူးခြားမှုမရှိသဖြင့် ဆေးဆိုင်များနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# သက်ကြီးပူဇော်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် မေ ၉**

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် (၁၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၅ ရက်က ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ အပူဇော်ခံ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၈၈ ဦးတို့ကို မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူဇော်ကန်တော့ကြပြီး ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## သတင်းတို

### ကိုယ့်အားကိုယ်ကိုး အမကကျောင်းဆောင်သစ်ဆောက်လုပ်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် တုန်နန်းကျေးရွာတွင် အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ ကပ်ကာ၊ ပျဉ်ခင်းတစ်ထပ်အမျိုးအစား ကိုယ့်အားကိုယ်ကိုး အမကကျောင်းဆောင်သစ်ကို မေ ၆ ရက်က စတင်ဆောက်လုပ်လျက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်က ဦးဆောင်တည်ထောင်ပေးသည့် မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေနှင့် လုပ်အားများဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**



## မိုးရာသီအမီ ရေတံခါးများတည်ဆောက်ပြီးစီး

**လပွတ္တာ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်းရှိ တာတမံများနှင့် ရေတံခါးများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လပွတ္တာမြောက်ကျွန်းတာရှိ ခနိချောင်းရေတံခါးနှင့် ဝဲထောင့်-နလင်ကျော်-သက်န်းလေး ဆက်သွယ်ရေးလမ်းတာရှိ ဝဲထောင့်ရေတံခါးများကို မိုးရာသီမတိုင်မီ အချိန်မီတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေတံခါးများမှာ သံကူကွန်ကရစ်အမျိုးအစားရေတံခါးများဖြစ်ပြီး တည်ဆောက်ရာတွင် သံကူကွန်ကရစ် Bearing Pile များ၊ Foreign Steel Sheet Pile များအသုံးပြုကာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ခနိချောင်းရေတံခါးတည်ဆောက်ပြီးစီးသဖြင့် ရေတံခါးနှင့် ဆက်စပ်လျက်ရှိသော လေးဆိပ်၊ သဲဖြူနှင့် ကျောက်မှော်ကျေးရွာအုပ်စုများရှိ လယ်မြေဧက ၂၀၀၀ ခန့်ကို မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။ ဝဲထောင့်ရေတံခါး ပြီးစီးသဖြင့်လည်း ရေတံခါးနှင့် ဆက်စပ်လျက်ရှိသော ဝဲထောင့်၊ နလင်ကျော်၊ သက်န်းကြီး၊ သက်န်းလေး၊ ဆင်ခြေရာကျေးရွာများရှိ လယ်မြေဧက ၃၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုဒဏ်မှ ကင်းဝေးစေမည်ဖြစ်ကာ ပိုလျှံရေများကို ရေတံခါးများဖြင့် ရေသွင်းရေထုတ် ထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်ရာ ဒေသတွင်းကျေးရွာများမှ မိုးစပါးစိုက်ခင်းများ ကောင်းစွာစိုက်ပျိုးလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၁၁ ရွာမှ လူနေအိမ်များ ပျက်စီး

**မင်းလှ မေ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်း၌ မေ ၇ ရက် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီခွဲခန့်အထိ လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် ကျေးရွာ ၁၁ ရွာမှ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်း၊ အမကကျောင်းတစ်ကျောင်း၊ ကျေးရွာတိုက်နယ်ဆေးရုံမှ အဆောက်အအုံတစ်ခု၊ လူနေအိမ်တစ်လုံး၊ ဝန်ထမ်းနေအိမ်ဘားတိုက်နှစ်လုံး လဲပြိုပျက်စီးခဲ့ပြီး လူနေအိမ် ၅၃ လုံးနှင့် နွားတင်းကုတ်သုံးခုတို့ အမိုးလန်ပျက်စီးခဲ့ကာ ကျေးရွာသုသာန်တစ်ခု၌လည်း ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် စမ်းအိုင်ကျေးရွာမှ လူနေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခြင်း၊ သဖန်းကိုင်းကျေးရွာမှ နေအိမ်နှစ်လုံးနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအမိုးလန်ပျက်စီးခြင်း၊ ဒဟတ်ပင်ရေနံရှာဖွေရေး MOGE မှ ဝန်ထမ်းနေအိမ်ဘားတိုက် နှစ်လုံးပြိုလဲခြင်း၊ ဆောင့်ညောင်ကျေးရွာမှ နေအိမ်တစ်လုံးပြိုလဲပြီး နေအိမ်ခုနစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ကန်တုတ်ကျေးရွာမှ နေအိမ်လေးလုံး အမိုးလန်ပျက်စီးခြင်း၊ ကျောက်ထောင်မြောက်ကျေးရွာမှ နေအိမ်တစ်လုံးနှင့် နွားတင်းကုတ်နှစ်ခု အမိုးလန်ပျက်စီးခြင်း၊ လင်းကယ်ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ကျေးရွာတိုက်နယ်ဆေးရုံ အဆောက်အအုံတစ်ခုနှင့် လူနေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးခြင်း၊ မြောက်မျှားကုန်းကျေးရွာမှ နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ညှင်းသွန်းကျေးရွာမှ နေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခြင်း၊ ဘွဲ့ကျေးရွာမှ အမကကျောင်းဆောင်တစ်ဆောင်နှင့် နေအိမ်တစ်လုံးပြိုလဲခြင်းနှင့် နေအိမ် ၁၃ လုံး၊ နွားတင်းကုတ်တစ်ခု အမိုးလန်ပျက်စီးခြင်း၊ ဇီးတောကျေးရွာမှ သီလရှင်ကျောင်းတစ်ကျောင်း၊ နေအိမ်နှစ်လုံးနှင့် ကျေးရွာသုသာန်မှ အဆောက်အအုံတစ်ခု အမိုးလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။ လေပြင်းဒဏ်ကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၃၀ ကျော်ခန့်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ စစ်ဆေးချက်မှတ်တမ်းများအရသိရှိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မင်းလှမြို့နယ်အတွင်း၌ ပျက်စီးမှုများရှိခဲ့သည့်အပြင် မေ ၆ ရက်ညနေပိုင်းကလည်း အောင်လံမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။ အောင်လံမြို့နယ် ကျောက်ဆည်ကျေးရွာအုပ်စု ကျောက်ဆည်ကျေးရွာ၌ မေ ၆ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ကျေးရွာဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်ရှစ်လုံး ပြိုကျပျက်စီးကာ လူနေအိမ် ၆၄ လုံးအမိုးလန်ပျက်စီးခဲ့ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၄၃ သိန်းကျော်ခန့်ရှိကြောင်း တာဝန်ရှိသူများ၏ စစ်ဆေးချက်များအရ သိရသည်။

**ကျော်ဇေယျ**

## အခြေခံယဉ်ကျေးလိမ္မာသင်တန်း မြို့နယ်အဆင့်အရည်အချင်းစစ်စာမေးပွဲကျင်းပ

**တွံတေး မေ ၉**

ရန်ကုန်တောင်းပိုင်းခရိုင် တွံတေးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း တွံတေးမြို့နယ်တို့ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံယဉ်ကျေးလိမ္မာ သင်တန်းများမှ ကလေးသူငယ်များ မြို့နယ်အဆင့် အရည်အချင်းစစ်စာမေးပွဲကို မေ ၆ ရက်က ကျင်းပခဲ့သည်။



စာမေးပွဲသို့ မြို့နယ်သာသနာနုဂ္ဂဟအသင်းက မြို့နယ်အတွင်းဖွင့်လှစ်ထားသော အခြေခံယဉ်ကျေးလိမ္မာသင်တန်းများမှ သင်တန်းသား ၁၀၁ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

စာမေးပွဲစစ်ဆေးမှုကို ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းအုပ်ချုပ်သူများက ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## စီးပွားဖြစ်မျိုးသန့်မျိုးစပါး ပေးအပ်ပွဲနှင့် ထူးချွန်တောင်သူများဆုပေးပွဲ ကျင်းပ

**မြောင်းမြ မေ ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA Project) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြ၊ လပွတ္တာ၊ ဟင်္သာတမြို့နယ်များ၌ အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကို တစ်မြို့နယ်လျှင် တောင်သူ ၅၀ ဖြင့် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ရာ လေးနှစ်ပြည့်ခဲ့ပြီး ၂၀၁၅ မိုးစပါးရာသီအတွက် မျိုးသန့်မျိုးစပါး ပေးအပ်ပွဲနှင့် ထူးချွန်တောင်သူများ ဆုချီးမြှင့်ပွဲကို မေ ၇ ရက်တွင် မြောင်းမြမြို့နယ် ကျုံဝါးစိုက်ပျိုးရေး ပညာပေးစခန်း၌ ကျင်းပခဲ့သည်။

"အရည်အသွေးကောင်းမွန်တဲ့ မျိုးစပါးတွေ စမ်းသပ်ထုတ်လုပ်လာတဲ့အတွက် စပါးအထွက်နှုန်း တိုးတက်လာပြီး ရောင်းချရာမှာလည်း ဈေးကောင်းရရှိတဲ့အတွက် တောင်သူတွေရဲ့ဘဝတွေ တိုးတက်လာတာတွေ့ရပါတယ်။ အထွက်ကောင်းမျိုးစပါးစိုက်ပျိုးလိုတဲ့ အခြားတောင်သူတွေကိုလည်း စီမံချက်ကာလအတွင်းမှာ JICA Project မှ ပညာရှင်တွေ၊ ရုံးချုပ်၊ တိုင်း၊ ခရိုင်နဲ့ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းတွေက အနီးကပ်ကြီးကြပ်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ငြိမ်းက ပြောကြားသည်။

စီမံကိန်းကာလအတွင်း JICA Project သည် မျိုးသန့်စပါးမျိုး၊ သွင်းအားစုများနှင့် နည်းပညာများ အခမဲ့ပံ့ပိုးပေးခဲ့ရာ ၂၀၁၅ မိုးစပါးရာသီအတွက် မျိုးသန့်မျိုးစပါး တစ်မျိုးတည်းသာပံ့ပိုးခြင်းဖြစ်ပြီး စိုက်ပျိုးရရှိသောစပါးများကို ပြန်လည်ပေးရခြင်းမျိုးမရှိဘဲ တောင်သူများ စိုက်ပျိုးရသလောက် ရယူပိုင်ဆိုင်ခွင့်ရှိကြောင်းလည်း သိရသည်။

မျိုးသန့်စပါးမျိုး ပေးအပ်ပွဲတွင် မြောင်းမြမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာခွဲ ၄၆ ရွာမှ တောင်သူ ၂၃၀ အား စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (CS) ဆင်းသုခစပါးမျိုး တင်း ၄၀၀ ကို JICA Project မှ MrFujii နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်ခဲ့ကြသည်။ ထို့နောက် မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အေးက အမှာစကားပြောကြားပြီး JICA Project မှ MrFujii က အရည်အသွေးပြည့်မီသော မျိုးသန့်စပါးထုတ်လုပ်မှုအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ထူးချွန်တောင်သူများအား ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် တာဝန်ရှိသူများက ထူးချွန်စွာစိုက်ပျိုးထုတ်လုပ်နိုင်သောတောင်သူရှစ်ဦးနှင့် ထူးချွန်ဝန်ထမ်းသုံးဦးတို့အား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**အောင်မင်း(iprd)**



## လေပြင်းဒဏ်ကြောင့်ပြိုကျသော စာသင်ကျောင်းကို တပ်မတော်သားများက ကူညီရှင်းလင်းပေးလျက်ရှိ

**ရေတာရှည် မေ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မေ ၆ ရက် ညနေပိုင်းတွင် တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းများကြောင့် လူနေအိမ်များ၊ ကြက်ခြံများနှင့် ဓမ္မာရုံများ၊ စာသင်ကျောင်းများ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။ ဝဲဒေါင့်ကျေးရွာအုပ်စု လက်ပံခုံကျေးရွာ မူလတန်းကျောင်း (ခွဲ)မှ ကျပ်သိန်း ၄၀၀ ခန့် တန်ဖိုးရှိ နှစ်ထပ်ကျောင်းဆောင် ပြိုကျပျက်စီးသွားခဲ့ရာ အပျက်အစီးများအား ဆွာမြို့တပ်နယ်မှ ဗိုလ်မှူးမြတ်စံနှင့် ဗိုလ်မှူးအောင်ခိုင်စိုးတို့ဦးဆောင်သော တပ်မတော်သားများက မေ ၇ ရက်တွင် ရှင်းလင်းကူညီဆောင်ရွက်ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဒေါင်းအင်းကုန်းကျေးရွာအုပ်စု ငွေးသဲကျေးရွာတွင် သွပ်မိုးထရံကာ နေအိမ်သုံးလုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ရွှေကဇောင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဝဲဒေါင့်ကျေးရွာအုပ်စု ကျူးဇောင်းကျေးရွာတွင် အမက (ခွဲ)ကျောင်းဆောင်တစ်ခု၊ ဘုရားကုန်းကျေးရွာအုပ်စု ရသေ့ဆိပ်ကျေးရွာတွင် လူနေအိမ်သုံးလုံး သွပ်အမိုးများလန် ပျက်စီးခဲ့သည်။ မြို့လှကျေးရွာအုပ်စု၊ အမှတ် (၅) သကြားစက်ရုံရှေ့တွင် ဖုန်းဆက်သွယ်ရေးတိုင် ငါးတိုင်နှင့် သာဂရကျေးရွာအုပ်စု အင်းဒိုင်းကျေးရွာ ကားလမ်းဘေးတွင်လည်း ဖုန်းတိုင်အချို့ လဲကျခဲ့သည်။

လေပြင်းဒဏ်ခံရသူ ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သာစည်မြို့နယ်မှ ကျေးရွာအချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေ

**သာစည် မေ ၉**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အပူရှိန်မြင့်တက်ပြင်းထန်မှုကြောင့် ကလေးသူငယ်များနှင့် လူလတ်ပိုင်းအရွယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် သာစည်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ မေ ၄ ရက်မှ ၈ ရက်အထိ လူနာအဖြစ် တက်ရောက်ကုသနေရသူ ၁၄ ဦးရှိနေကြောင်း၊ ဆေးရုံတက်ရသော်လည်း ရောဂါကြောင့် တစ်ဦးတစ်ယောက်မျှ သေဆုံးမှုမရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းနိုင်၏ ပြောကြားချက်အရ သိရသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားရခြင်းမှာ ရာသီဥတုအပူရှိန် အလွန်မြင့်တက်နေချိန်တွင် ရေခဲချောင်းများ၊ လက်တည်ချဉ်များ၊ ထန်းသီးဆံများ၊ ရေခဲရေများစသည့် သန့်ရှင်းမှုနည်းပါးပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သော အစားအစာများကို စားသောက်ကြရာမှဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေခြင်းကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကလည်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများနှင့် ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ရောဂါမဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးစာများကို ကျေးရွာများသို့ ဖြန့်ဝေပေးပို့ထားသည့်အပြင် ကျန်းမာရေးဝန်ထမ်းများကလည်း ရောဂါဖြစ်ပွားရာကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ငါးမွေးမြူရေးကန်များ တူးဖော်

**လှိုင်ကော် မေ ၉**

လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်ရှိ ဖောင်းတောအင်း ရေနက်ကွင်းအတွင်း ငါးမွေးမြူရေးကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ကယားပြည်နယ်အစိုးရအဖွဲ့ပိုင် ကုန်းရေနှစ်သွယ်သွားမြေကော်စက်ကြီးအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ယခင်က ကန်စတင်တူးဖော်ဆောင်ရာတွင် စက်ယန္တရားများမရှိဘဲ လူအားဖြင့်သာ တူးဖော်ဆောင်ရွက်ရသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ နည်းပညာအားနည်းမှုကြောင့် အပေါ်ယံမြေသာ တူးဖော်နိုင်ကြောင်း၊ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစပြီး မြေကော်စက်ငယ်ဖြင့် စတင်တူးဖော်မှုများ ဆောင်ရွက်ခဲ့သည့်အတွက် ယခင်ကထက် ပိုမိုကောင်းမွန်လာသော်လည်း ရေထဲတွင်သစ်လုံးများချ၍ သစ်လုံးပေါ်တွင် မြေကော်စက်ငယ်ကို မောင်းနှင်စေ၍ တူးဖော်ခဲ့ရကြောင်း၊ ယခုအခါတွင် ကယားပြည်နယ်အစိုးရအဖွဲ့တွင် ကုန်းရေနှစ်သွယ်သွား မြေကော်စက်များ ရောက်ရှိလာသဖြင့် သွားရောက်တင်ပြရာ ပြည်နယ်အစိုးရက အသုံးပြုခွင့်ပြု၍ ကန်တူးဖော်ဆောင်ရွက်ရာတွင် အလွန်အဆင်ပြေကြောင်း၊ ၎င်းစက်ဖြင့် အင်းတစ်ခုလုံးကို ဖော်ပြီးပါက ကယားပြည်နယ်သားငါးကဏ္ဍမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖောင်းတောအင်းရေနက်ကွင်းအတွင်း ငါးမွေးမြူရေးလုပ်သူများအနေဖြင့် မြက်စားငါးကြင်းနှင့် ထိုင်းငါးခုံးမတို့ကို အများဆုံးမွေးမြူကြောင်း၊ အင်းတစ်ခုလုံးတူးဖော်ပြီးပါက ကယားပြည်နယ်အနေဖြင့် လူဦးရေနှစ်သိန်းရှစ်သောင်းကျော်သာရှိသည့်အတွက် ငါးများကို စားသုံးနိုင်မှုထက် များစွာပိုထုတ်နိုင်မည့်အနေအထားရှိကြောင်း၊ ထိုင်းနိုင်ငံသို့ ပို့နိုင်သည့်အဆင့်အထိရောက်အောင် ကုန်သွယ်လမ်းဖွင့်လျှင် ရေခဲရိုက်ပြီး နီးစပ်သည့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အင်းကြီးတစ်ခုလုံး တူးဖော်ရန်မှာ ငါးမွေးတောင်သူများအနေဖြင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးလျှင် အဆင်ပြေမည်ဖြစ်ကြောင်း အဆိုပါငါးမွေးမြူရေးလုပ်ငန်းရှင်၏ ဆက်လက်ပြောကြားချက်အရ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မီးသတ်ယာဉ်များဖြင့် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိ

**ကလေး မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ အောင်ချမ်းသာကျေးရွာ၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်ကားများဖြင့် မေ ၆ ရက်က သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ချမ်းသာကျေးရွာသည် အိမ်ခြေ ၁၀၂ အိမ်ရှိပြီး ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေကို သဘာဝစိမ့်စမ်းရေမှ သွယ်ယူသုံးစွဲလျက်ရှိရာ ရာသီဥတုပူပြင်းမှုကြောင့် ရေခန်းခြောက်ခြင်းနှင့် သဘာဝစိမ့်စမ်းရေကန် ယိုစိမ့်ခြင်းများကြောင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် အဖွဲ့ဝင်များက ကျေးရွာပြည်သူများအား မေ ၆ ရက်တွင် တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး သန္ဓေမီးသတ်စခန်းမှ မီးသတ်ကားတစ်စီးနှင့် နတ်ချောင်းအရန်မီးသတ်စခန်းမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**သျှင်နေမင်း**

# ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်၍ တောင်သူများအဆင်ပြေ

**ကနီမေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာ၌ မြေအောက်ရေကို လေးလက်မစက်ရေတွင်းများဖြင့်တင်၍ စိုက်ပျိုးထားသောပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

သရက်ပင်ကျေးရွာမှ ပဲစိုက်တောင်မှ ဦးထွန်းဝေက ပဲတီစိမ်းစိုက်ပျိုးမည်ဆိုပါက မျိုးစေ့ဝယ်ယူချိန်မှစ၍ မြေပြင်ခြင်း၊ ထွန်စက်ငှားရမ်းခြင်း၊ ရေတင်ခြင်း၊ အလုပ်သမားစရိတ်များနှင့် ဓာတ်မြေဩဇာစသည့် စုစုပေါင်းစိုက်ပျိုးကုန်ကျစရိတ် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းကျော်ရှိကြောင်း၊ ယခုရိတ်သိမ်းတော့မည့် မေလကုန်အချိန်တွင် တစ်ဧက တင်း၂၀ ကျော်ထွက်နိုင်ကြောင်း၊ ပေါက်စျေးမှာ တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်ရှိ၍ စိုက်ပျိုးသော တောင်သူများ အဆင်ပြေကြောင်း ပြောသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## သတင်းတို

### ဂျပန်နိုင်ငံက တည်ဆောက်လှူဒါန်းသည့် တံတားသစ်ဖွင့်

ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရက ဆောက်လုပ်လှူဒါန်းသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ညောင်ဝိုင်း-စစ်ကွင်း သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မေ ၇ ရက်က ကျင်းပခဲ့ရာ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi Higuchi၊ ဟင်္သာတမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းဌေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**






# တိုက်စစ်မှူးရှာပုံတော်နှင့် ဒီပေး

မိုးမြင့်လင်းလက်



လာမယ့်ဘောလုံးရာသီမှာ ပြောင်းလဲမှုတွေနဲ့အတူ မျှော်မှန်းချက်ကြီးကြီးထားနေတဲ့ မန်ယူအသင်းဟာ လာမယ့်ကစားသမား အပြောင်းအရွှေ့ကာလမှာတော့ နယ်သာလန်အသင်းရဲ့ တိုက်စစ်မှူး ဒီပေးကိုခေါ်ယူဖို့ သဘောတူညီမှုရရှိပြီလို့ သတင်းတွေထွက်ပေါ်လာပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဒီပေးကို မန်ယူက ခေါ်ယူဖို့ကြိုးစားတာဟာ နည်းပြဗန်ဟားလ်ကြောင့်ဖြစ်ပြီး သူနယ်သာလန်နည်းပြတာဝန်ယူစဉ်ကာလမှာကတည်းက သဘောကျနေတာဖြစ်ပါတယ်။ ဒီပေးကို ခေါ်ယူမှုနဲ့ပတ်သက်ပြီး ဝေဖန်ပြစ်တင်မှုတွေ ထွက်ပေါ်နေပေမယ့် နည်းပြဗန်ဟားလ်ကတော့ လစာနဲ့ပြောင်းရွှေ့ကြေးတွေကို သတ်မှတ်ဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။

မန်ယူကနေ လာမယ့်အပြောင်းအရွှေ့မှာ ထွက်ခွာမယ့် တိုက်စစ်မှူးတွေထဲမှာ ဗန်ပါစီလည်း ပါဝင်နေတာမို့ တိုက်စစ်ကို အားဖြည့်ဖို့အတွက် ဒီပေးကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒီပေးဟာ မန်ယူအသင်းနဲ့ အံဝင်ခွင်ကျမှုရှိမှာမဟုတ်ဘူးလို့ သုံးသပ်မှုတွေကို နည်းပြဗန်ဟားလ်က ဘာမှတုံ့ပြန်မှုမပြုဘဲ စာချုပ်နိုင်ရေးအတွက်ပဲ ကြိုးစားနေခြင်းဖြစ်ပါတယ်။

နယ်သာလန်ကလပ် ပီအက်ဗွီအင်ဒိုဗင်အသင်းမှာ ကစားနေတဲ့ ဒီပေးဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ စုစုပေါင်း ၂၁ ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ဂိုးသွင်းစွမ်းရည်ထက်မြက်လာသူတစ်ဦးလည်း ဖြစ်ပါတယ်။ ပီအက်ဗွီအသင်းအတွက် စုစုပေါင်း ၁၂၂ ပွဲကစားခဲ့ရာမှာ ၄၉ ဂိုးသွင်းယူထားနိုင်တာမို့ ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ တိုက်စစ်မှာအားဖြည့်ဖို့အတွက် ဒီပေးကို ခေါ်ယူနိုင်ရေး ကြိုးစားနေတာဟာ အသင်းအောင်မြင်မှုရရှိရေးအတွက်ပဲဖြစ်ပါတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ တိုက်စစ်ကိုမဖြစ်မနေ တောင့်တင်းအောင်၊ အားထားယုံကြည်ရမယ့် တိုက်စစ်မျိုးဖြစ်အောင် ကြိုးစားသွားမယ်လို့ မန်ယူနည်းပြ ဗန်ဟားလ်က ပြောနေပါတယ်။

ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းမှ သန်း ၃၀ အထိ ပေးမယ်လို့ ကမ်းလှမ်းခံထားရတဲ့ ပီအက်ဗွီတိုက်စစ်မှူး ဒီပေးကို ပီအက်ဗွီကလည်း ထုတ်ရောင်းဖို့အခြေအနေရှိနေတာမို့ မန်ယူက လက်ဦးမှုရယူပြီး အခုလိုစာချုပ်ဖို့ သဘောတူညီမှုရရှိခဲ့တာဖြစ်ပါတယ်။ လာမယ့်ဇွန်လမှာ အပြီးသတ်စာချုပ်ပြီး ခေါ်ယူမှာဖြစ်လို့ ဒီပေးရဲ့ မန်ယူရောက်ခြေစွမ်းကို စောင့်ကြည့်အကဲခတ်ရမှာဖြစ်ပါတယ်။

ဒီပေးဟာ ၂၀၀၆ မှ ၂၀၁၁ အထိ ပီအက်ဗွီလူငယ်အသင်းမှာ ကစားခဲ့ရာက ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာတော့ နယ်သာလန်နိုင်ငံ လက်ရွေးစင်အသင်းကြီးမှာ ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီပေးကို လီဗာပူး၊ စပါးနဲ့ ပီအက်ဂျီအသင်းတွေကလည်း အပြိုင်အဆိုင်ခေါ်ယူဖို့ ကြိုးစားပြင်ဆင်နေပါတယ်။ ကျွန်တော်တို့အသင်းကတော့ ဘယ်ကစားသမားကိုမှ လက်မလွှတ်ချင်ပါဘူး။ ဒါပေမယ့် မန်ယူအသင်းကလည်း ပြုပြင်ပြောင်းလဲစရာတွေရှိနေပြီး ရလဒ်တွေဆိုးရွားနေတာမို့ လူငယ်ခြေတက်ကစားသမားတွေ ခေါ်ယူဖို့ကြိုးစားနေတာဖြစ်ပါတယ်။ မန်ယူအသင်းမှာ ကစားဖို့ဆိုတာ ကျွန်တော့်အိပ်မက်ပါ။ မကြာခင် အကောင်အထည်ပေါ်လာဖို့ မျှော်လင့်ပါတယ်လို့ ဒီပေးက ပြောနေပါတယ်။ ဒီပေးရဲ့ စွမ်းဆောင်မှုအနေအထား မန်ယူမှာ ဘယ်လောက်အထိ ရှိလာနိုင်မလဲဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

## ဗန်ဟားလ်ရဲ့ နောက်ထပ်ပစ်မှတ်များ

မန်ယူနည်းပြ ဗန်ဟားလ်ကတော့ ဒတ်ချ်ကြယ်တစ်ပွင့်ဖြစ်တဲ့ ဒီပေးကို ခေါ်ယူဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ လာမယ့်ရာသီမှာ မန်ယူကို တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်စေဖို့ နည်းပြဗန်ဟားလ်အနေနဲ့ ထိပ်တန်းကစားသမားငါးဦးထက်မက ခေါ်ယူဖို့ ပေါင်သန်း ၂၀၀အထိ သုံးစွဲသွားဖွယ်ရှိနေပါတယ်။ မန်ယူက ပစ်မှတ်ထားတဲ့ ကစားသမားတွေထဲမှာ ဂါရက်ဘေးလ်လည်း အပါအဝင်ဖြစ်ပါတယ်။ ဗန်ဟားလ်အနေနဲ့ ဒေါ့မွန်အသင်းမှ ဂန်ဒိုဂန်နဲ့ မတ်ဟမ်းမဲလ်တို့ကိုလည်း ခေါ်ယူဖွယ်ရှိပါတယ်။ ဒါ့အပြင် ဆောက်သမ်တန် နောက်တန်းကစားသမား ကလိုင်နီကိုလည်း ခေါ်ယူဖွယ်ရှိပါတယ်။ ပီအက်စ်ဂျီတိုက်စစ်မှူး အက်ဒီဆင်ကာဗာနီကိုလည်း ပစ်မှတ်ထားနေပါတယ်။



လာမယ့်ရာသီအဖွင့်မှာ အင်အားတောင့်တင်းတဲ့ အသင်းကောင်းဖြစ်စေဖို့ နည်းပြဗန်ဟားလ်အနေနဲ့ လာမယ့်ဇွန်လအပြောင်းအရွှေ့ရာသီမှာ ထိပ်တန်းကစားသမားငါးဦးကို ခေါ်ယူသွားဖွယ်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ အိုင်းဟိုဗင် တိုက်စစ်မှူး ဒီပေးကို ခေါ်ယူဖို့ သဘောတူထားပြီဖြစ်ပါတယ်။

## ဆီဗီလာရဲ့ ချန်ပီယံလမ်းကြောင်း


ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းဟာ ချန်ပီယံဆုကို ကာကွယ်နိုင်မယ့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီလို့ ဆိုနိုင်ပါတယ်။ အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ ဖီအိုရင်တီးနားအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်ပါတယ်။ ဒုတိယအကျော့မှာလည်း အနိုင်ရဖွယ်ရှိပါတယ်။ လာမယ့် ကြာသပတေးမှာ ဒုတိယအကျော့ကစားရမှာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ ဆီဗီလာအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ နာပိုလီ သို့မဟုတ် ဒီနီပရိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ ဆီဗီလာနဲ့ နာပိုလီတို့ တွေ့နိုင်ဖွယ်ရှိပါတယ်။ ဗိုလ်လုပွဲမှာ အနိုင်ရတဲ့အသင်းဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်အုပ်စုဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ယူရိုပါလိဂ်ဖလားကတော့ ဆီဗီလာနဲ့ နာပိုလီတို့ နောက်ဆုံးအားပြိုင်မှုဖြစ်လာနိုင်ပါတယ်။ လက်ရှိချန်ပီယံ ဆီဗီလာအသင်းဟာ ချန်ပီယံလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ယူရိုပါလိဂ်ပြိုင်ပွဲမှာ နာပိုလီကလည်း ဖလားရဖို့ မျှော်မှန်းထားတဲ့အသင်း ဖြစ်ပါတယ်။ နည်းပြ ဘင်နီတက်ဇ်အနေနဲ့ ယူရိုပါလိဂ်ဖလား သို့မဟုတ် ချန်ပီယံဖလားကို နာပိုလီအသင်းနဲ့အတူ ဆွတ်ခူးနိုင်ဖို့ ဆန္ဒပြင်းပြနေသူဖြစ်ပါတယ်။ သူဟာ ၂၀၀၄ ခုနှစ်က ဆီဗီလာအသင်းနဲ့အတူ ဖလားဆွတ်ခူးနိုင်ခဲ့သလို နှစ်နှစ်အကြာမှာ ချယ်လ်ဆီးနဲ့လည်း ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

## ရာသီအစမှာ ပြိုင်ပွဲများနဲ့ လွဲချော်နိုင်တဲ့ စတာရစ်

လီဗာပူးတိုက်စစ်မှူးစတာရစ်ဟာ တင်ပါးခွဲစိတ်မှုအတွက် လာမယ့်ပရီမီယာလိဂ်အစမှာ ပြိုင်ပွဲတွေနဲ့လွဲချော်နိုင်တယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး စတာရစ်ကို နယူးယောက်မြို့မှာ ခွဲစိတ်နေပြီဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး စတာရစ်အနေနဲ့ လေ့ကျင့်မှုတွေ အပြည့်အဝပြန်လုပ်နိုင်ဖို့ အနည်းဆုံးလေးလကြာနိုင်တယ်လို့ လီဗာပူးတာဝန်ရှိသူတွေက ဆိုပါတယ်။ သူဟာ အောက်တိုဘာလအထိ ပြန်ကစားနိုင်ဖို့ မသေချာဘူးလို့ဆိုပါတယ်။ ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ပြိုင်ပွဲတွေကို ဩဂုတ် ၈ ရက်မှာ စတင်မှာဖြစ်ပါတယ်။ စတာရစ်အနေနဲ့ ပရီမီယာလိဂ်ရာသီအစ နှစ်လခန့် ပြိုင်ပွဲတွေနဲ့ လွဲချော်သွားဖွယ်ရှိပါတယ်။ သို့ပေမယ့် လီဗာပူးတာဝန်ရှိသူတွေကတော့ ထိုထက်စောပြီး ပြန်ကစားနိုင်ဖို့ မျှော်လင့်ထားကြပါတယ်။ စတာရစ်ဟာ လီဗာပူးအသင်းရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ရာသီအဖွင့်မှာ တိုက်စစ်မှူးကောင်းတစ်ဦး ဒဏ်ရာရထားတဲ့အတွက် လီဗာပူးအတွက် အပြောင်းအလဲတွေဖြစ်သွားနိုင်ပါတယ်။ နည်းပြရော်ဂျာကတော့ စတာရစ်နေရာမှာ အခြားတိုက်စစ်မှူးကောင်းတစ်ဦးကို အမြန်ဆုံးအစားထိုးဖွယ်ရှိပါတယ်။




SONY
Great fun. Zero effort.
နောက်ဆုံးပေါ် application တွေကို လွယ်ကူစွာ အသုံးပြုနိုင်ပြီး
လှုပ်ရှားမှုပုံရိပ်တွေကို ကြီးမားတဲ့မျက်နှာပြင်မှာ မြင်ရစေမယ့်အပြင်
အကြမ်းခံနိုင်စွမ်းဒီဇိုင်း၊ ဘက်ထရီသက်တမ်းတာရှည်ခံမည့်
စမတ်ဖုန်းကို အံ့သြဖွယ်ဈေးနှုန်းဖြင့် . . .
XPERIA E4
Dual
5.0" qHD
IPS screen (960x540)
Screen Size
Dual Sim
Available Color
New Model
Selling Price
139,000Ks
အခမဲ့ Top up
ကျပ် ၆၀၀၀၀
Ooredoo SIM Card နှင့်အတူ ကျပ် ၆၀၀၀ တန်
အခမဲ့ Top Up ဆယ်လတိတိ လက်ဆောင်ရယူပါ...
ooredoo
***အစီအစဉ်အတွက် Ooredoo မှ
သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်းသာ
အကျုံးဝင်ပါသည်***
FREE GIFT
Silicon Back Cover
+
Screen Guard
Official Warranty by: TMW Enterprise Limited
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 SONY SHOWROOM TAUNGGYI: ■ Bogyoke Aung San Road. Tel: 081-2122857, 200571
WHOLE SALES / DISTRIBUTION : Tel: 01- 554708
"အမြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"












# ကျေးဇူးတင်လွှာ

## Coca-Cola Summer Festival

၁၃၇၇ ခုနှစ် မြန်မာအတာသင်္ကြန်မဏ္ဍပ်၏
Presenter Sponsor အဖြစ် ပံ့ပိုးကူညီပေးသော
**Coca-Cola Myanmar** အားလည်းကောင်း၊
Main Sponsor အဖြစ်ကူညီပံ့ပိုးပေးပါသော **Enervon-C** နှင့်
အရည်အသွေးမြင့်ရုပ်သံလိုင်း **4TV** အားလည်းကောင်း၊
အချိန်နှင့် တပြေးညီ ရိုက်ကူးထုတ်လွှင့်ပြသပေးသော
**MRTV-4** (Free To Air) နှင့် **Channel-7** (Free To Air) တို့အားလည်းကောင်း၊
Coca-Cola Summer Festival 2015 မဏ္ဍပ်တွင် လာရောက်
ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား
လည်းကောင်း၊ MRTV-4, Channel-7, 4TV မှ
စောင့်မျှော်ကြည့်ရှုခဲ့ကြသော မြန်မာပြည်တဝှမ်းလုံးရှိ
4TV ကြည့် ပရိသတ်များအားလည်းကောင်း၊
လုံခြုံရေးနှင့်မဏ္ဍပ်စည်ကားရေးအတွက် တာဝန်ယူကူညီ
ဆောင်ရွက်ပေးပါသောဌာန ဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်
**Coca-Cola Summer Festival 2015** မဏ္ဍပ်ရှေ့သို့
လေးရက်တိုင်တိုင်လာရောက်အားပေးကြသော ပရိသတ်များကို
**Forever Group** နှင့် **FG Entertainment** တို့မှ
အထူးကျေးဇူးတင်ရှိပါသည်။










# ကျောက်ဆည်တက္ကသိုလ်တွင် ကျောင်းသူများအား ဒုတိယပညာသင်ကာလတွင် အဆောင်ထားရှိမည်

**စဉ့်ကိုင် မေ ၉**

ကျောက်ဆည်တက္ကသိုလ်တွင် ကျောင်းသူများ အဆောင်ထားနိုင်ရေးအတွက် ကျောင်းဝင်းအတွင်း အတွင်းဆောင်အဖြစ် တစ်ဆောင်လျှင် ၁၆၀ နေထိုင်နိုင်သည့် အဆောင်နှစ်ဆောင် ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒုတိယနှစ်ဝက် ပညာသင်နှစ်ကာလတွင် ထားရှိပေးသွားမည်ဖြစ်ကာ အဆောင် နေထိုင်လိုသည့် ကျောင်းသူများအနေဖြင့် ကျောင်းသားရေးရာဌာနတွင် အဆောင်နေထိုင်ခွင့်လျှောက်လွှာများ အခမဲ့ထုတ်ယူကာ လျှောက်ထားနိုင်ကြောင်း သိရသည်။



အဆိုပါအတွင်းဆောင်နေထိုင်လိုသည့်ကျောင်းသား ကျောင်းသူမည်သူမဆို လျှောက်ထားနိုင်ပြီး ကျောင်းသူ ၃၂၀ ထက်ပိုပါက သတ်မှတ်စည်းကမ်းများနှင့် ရွေးချယ်သွားမည်ဖြစ်သည်။ အဆောင်နေထိုင်ခွင့်ရသူများကို (၁၀×၁၂)ပေ အကျယ်အဝန်းရှိ တစ်ခန်းလျှင် နှစ်ဦးနှုန်းဖြင့် ခုတင်၊ စာကြည့်စားပွဲ၊ တစ်နေ့လျှင် ထမင်းနှစ်နပ် ကျွေးမွေးသွားမည်ဖြစ်ကာ အဆောင်ကျောင်းသူများက အဆောင်ကြေးအဖြစ် တစ်လလျှင် ငွေကျပ် ၅၀၀၀ နှင့်ထမင်းစရိတ်အဖြစ် ငွေကျပ် ၃၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ အတွင်းဆောင် နေထိုင်ခွင့်ရကျောင်းသူများကို ၂၀၁၅ ခုနှစ် ဇွန်လကျောင်းဖွင့်သည့်အချိန်တွင် စတင်ထားရှိပေးသွားမည် ဖြစ်ကြောင်း ကျောင်းသားရေးရာဌာန မော်ကွန်းထိန်း ဦးတင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

ကျောင်းသား ကျောင်းသူများကို အဆောင်နေထိုင်ရေး စီစဉ်ပေးသွားမည့် အခြေအနေနှင့် ရည်ရွယ်ချက်တို့ကို "ကျောင်းသားကျောင်းသူတွေကို တက္ကသိုလ်ဆိုတဲ့ အရသာကိုသိရှိအောင် အတွင်းဆောင်တွေ စီစဉ်ပေးထားတာပါ။ အဆောင်စည်းကမ်းတွေကိုလည်း အရင်တုန်းက မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်ကြီးတွေလို ထားသွားမှာပါ။ နောက်ပိုင်းမှာ အဆောင်ညစာစားပွဲတွေလုပ်တဲ့အထိ စဉ်းစားထားတယ်။ ယောကျ်ားလေးအဆောင် ကျောင်းသားအဆောင်ပါထားပေးနိုင်တဲ့အခါ မောင်နှမအဆောင်တွေ ပါဖြစ်လာမယ်။ ကျောင်းသားတွေက ကျောင်းသူတွေဆောင်ရှေ့ ဂစ်တာတီးပြီးသီချင်းဆို၊ ကျောင်းသူတွေကလည်း ကျောင်းသားတွေ အဆောင်ဘက်လိုက်ဆို၊ အရင်တုန်းက တက္ကသိုလ်ကြီးတွေက ကျောင်းသား ကျောင်းသူတွေလိုဖြစ်အောင်ပါ။ အခုသူတို့ အပြင်မှာနေတာထက် ဒီအတွင်းဆောင်တွေက အဆင့်လည်းမြင့်မယ်၊ လုံလည်းလုံခြုံမယ်၊ ထမင်းလည်း စီစဉ်ပေးမှာဆိုတော့ အပြင်ထွက်ဝယ်စရာမလိုဘဲ အချိန်နဲ့ စားလို့ရသွားမယ်" ဟု ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်၏ ပြောပြချက်များ အရသိရသည်။

ကျောက်ဆည်တက္ကသိုလ်တွင် အတွင်းဆောင် ကျောင်းသူများအဖြစ် ယခင်နှစ်ကပင် ဆရာများနေဆောင်တွင် တွဲဖက်ကာ ၇၅ ဦးထားရှိပေးခဲ့ပြီး အဆောင်နေ ကျောင်းသူများ ပိုမိုထားရှိနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ငွေလုံးငွေရင်း တည်ဆောက်ရေးခွင့်ပြုရန်ပုံငွေဖြင့် အဆောင် ကျောင်းသူ ၁၆၀ ဆံ့ အဆောင် တစ်ဆောင်လျှင် ကျပ်သန်း ၆၈၇ ဒသမ ၄၉၀ သိန်းဖြင့် အဆောင်နှစ်ဆောင် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ဖားဆောင်းမြို့၌ သဲပုံစေတီပွဲကျင်းပ

**ဖားဆောင်း မေ ၉**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့ မွေတော်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် မြန်မာတို့၏မြတ်နိုးစရာယဉ်ကျေးမှု တစ်ရပ်ဖြစ်သည့် သဲပုံစေတီပွဲသည် လူငယ်မောင်မယ်များ စုပေါင်းညီညာစွာ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆောင်ရွက်ရသည့်ပွဲဖြစ်ပြီး ရာသီ၏ သရုပ်ကို ဖော်ညွှန်း၍ တောင်သူလယ်သမားတို့က မိုးခေါ်ပွဲဟုလည်းခေါ်ကြောင်း သိရသည်။

မေ ၅ ရက် နံနက် ၅ နာရီတွင် ဖားဆောင်းမြို့ မွေတော်ဘုန်းတော်ကြီးကျောင်းတွင် နတ်စင်ပူဇော်၍ သဲပုံစေတီအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး မီးကျည်ပြိုင်ပွဲကို ရပ်ကွက်/ ကျေးရွာများမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် လွှတ်တင်ကျင်းပကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးဆောင်ရွက်

**တန့်ယန်း မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ အသစ်တိုးချဲ့ပေးခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေရာ အမှတ်(၅)ရပ်ကွက်နယ်မြေတွင် နေထိုင်ကြသော ပြည်သူများလျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့သွယ်တန်းခြင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးကို တပ်ဆင်ပေးခဲ့ပြီး မေ ၂ ရက်မှ စတင်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

**ပျဉ်းမနား မေ ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့မှူးရုံး၌ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရုံး၌ ကလေးသူငယ်လိင်အလွဲသုံးခံရမှု စုံစမ်းစစ်ဆေးရေးသင်တန်းကို မေ ၇ ရက် နံနက် ၈နာရီက အဆိုပါရုံး၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်က ၂၀၁၃ ခုနှစ် ဧပြီလမှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး လက်အောက်မှာ တပ်ဖွဲ့ခွဲ တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်နှင့် ကလေးသူငယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုကို အင်အား ၄၀၀ခန့်နှင့် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ကြောင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ကလေးသူငယ်ဥပဒေ သီးခြားဥပဒေတစ်ခုဖြစ်နေပြီး ရဲတပ်ဖွဲ့ဝင်များနဲ့ ထိတွေ့မှု နည်းသည့်အတွက် ကလေးသူငယ်များကို အဓိက ကိုင်တွယ်ရမည့် တပ်ဖွဲ့ဝင်များ အနေနှင့် သိထားသင့်သည်ဖြစ်ကြောင်း၊ ကလေးသူငယ် ပြစ်မှုကျူးလွန်သူကိုဖြစ်စေ၊ သက်သေကိုဖြစ်စေ၊ ထိတွေ့ဆက်ဆံရသည့်အခါများတွင် ရဲတပ်ဖွဲ့ဝင်တွေအနေနှင့် ရှောင်ရန်၊ ဆောင်ရန်တွေကိုလည်း ယခုသင်တန်းမှာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အများအားဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များက မြန်မာနိုင်ငံထဲကို လာရောက် လည်ပတ်သည့်အခါတွင် စီးပွားရေးအရ လာရောက်မှု၊ သဘာဝပတ်ဝန်းကျင် လေ့လာမှု၊ ယဉ်ကျေးမှု အမွေအနှစ်များအား လေ့လာမှုများရှိသလို၊ တချို့က လိင်အလွဲသုံးစားမှု ကျူးလွန်တတ်ကြတာတွေ တွေ့ရတယ်။ ထိုကဲ့သို့ကိစ္စများကြုံတွေ့ခဲ့လျှင် ဖြေရှင်းနိုင်ရန် ကြိုတင်ကာကွယ်ရန် ကလေးများရဲ့ အခွင့်အရေးများ ကလေးသူငယ်ဥပဒေကို တပ်ဖွဲ့ဝင်များအနေနှင့် သိထားကြရန်လိုအပ်ကြောင်း မှာကြားသည်။



သင်တန်းကာလအနေဖြင့် မေ ၇ ရက်မှ ၉ ရက်အထိ ဖြစ်ပြီး သင်တန်းနည်းပြများမှာ ဦးညွန့်လှိုင်၊ ဒုတိယရဲမှူးကြီး (ငြိမ်း) (UNICEF) ယူနီဆက်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယရဲမှူးကြီး ဉမ္မာရင်မိ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဦးစီးအရာရှိ (ပထမတန်း)၊ ဒုတိယရဲမှူးကြီး ခင်သန်းကြည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲမှူးဌေးဌေးထွန်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ဌာနစုမှူး လေ့ကျင့်ရေးဌာနတို့က သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူတပ်ဖွဲ့ဝင် ၁၀၀ တက်ရောက်လေ့လာ သင်ကြားကြကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ- ကောင်းကင် (၇)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် GG/5587, Toyota Alphard MNH 10 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၁၂/လမတ(နိုင်)၀၂၉၇၈၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)ရွှေဘိုမြို့**




**JES Driver Academy**

**အထူးယာဉ်မောင်းသင်တန်း**

ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်းအထူးသင်တန်းကို(၂၅.၅.၂၀၁၅)တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။လူဦးရေကန့်သတ်ထားပါသည်။ (ခ) လိုင်စင်ရသည်အထိဆောင်ရွက်ပေးမည်။(အမောင်းသင်လိုင်စင်လက်ဝယ်ရှိသူများအမြန်လိုင်စင်ရမည်။)တက်ရောက်လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။

098581144, 0932173735, 09420165439, 09421033567, 09421037413

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖူးကြီးကျေးရွာအုပ်စု၊ ချော်ကုန်း၊ ကွင်းအမှတ် ၆၅၂ စီ၊ ဦးပိုင်အမှတ် (NG)၊ ဧရိယာ ၇ဒသမ၅၂ဧကနှင့် လယ်မြေကွင်းအမှတ် ၆၅၂ စီ၊ ကုလားအင်း၊ ဦးပိုင်အမှတ် ၁၃၊ ဧရိယာ ၁၂ဒသမ၈၅ဧကအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးနွေးစံ (ဘ) ဖူဆိမ် ၁/မစန(နိုင်) ၀၄၄၃၀၆က လက်ရှိ ပိုင်ဆိုင်လျက်ရှိသော ဒေါ်အေးမြင့် ၁၂/မဘန(နိုင်)၀၄၃၉၁၃ထံမှ ဝယ်ယူရန် ၂၀-၄-၂၀၁၅ရက်တွင် စရန်ငွေပေးချေပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ ခြံမြေ၊ ဥယျာဉ်ခြံမြေ၊ လယ်မြေများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်အား အပြီးသတ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမျိုးနိုင် (B.A, Law, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၃/၈၂)**
**အမှတ် ၈၊ မြေညီထပ်၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှဓာတ်အားခွဲရုံများအတွက် လိုအပ်သော Communication Equipment များကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**သာသနာရေးဦးစီးဌာန**
**ရုံးသုံး၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အတွက်**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနအတွက်လိုအပ်သော
(၁) မီးစက်
(၂) ပုံနှိပ်စက်
(၃) ဖောင်ခေါက်စက်တို့ကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန်** - ၁၁-၅-၂၀၁၅ ရက်မှ ၂၉-၅-၂၀၁၅ရက် အထိ၀၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ
**ရောင်းချမည့်နေရာ** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်
**တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** - ၅-၆-၂၀၁၅ရက်၊ ၀၉း၀၀နာရီမှ ၁၂း၀၀ နာရီအထိ
**တင်ဒါဖွင့်မည့်နေရာနှင့်အချိန်** - သာသနာရေးဝန်ကြီးဌာန၊ရုံးအမှတ် ၃၁၊ နေပြည်တော် ၅-၆-၂၀၁၅ရက်၊ မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော် (ညွှန်ကြားရေးမှူး)စီမံရေးရာဌာန ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇ နှင့် သာသနာရေးဦးစီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ (ညွှန်ကြားရေးမှူး)ကမ္ဘာအေး၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၈၃၅၊ ၀၁-၆၅၂၁၃၅တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**
**သာသနာရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရှမ်းပြည်နယ်တရားလွှတ်တော်**
**ပြည်နယ်တရားရေးဦးစီးမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တရားလွှတ်တော်အတွင်းရှိ မိုးမိတ်မြို့နယ်တရားရုံး၊ မက်မန်းမြို့နယ်တရားရုံး၊ နမ့်ဆန်(မြောက်)မြို့နယ် တရားရုံးတို့တွင် အောက်ဖော်ပြပါ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) မိုးမိတ်မြို့နယ်တရားရုံး တည်ဆောက်ခြင်းလုပ်ငန်း
အလျား ၆၅ပေ× အနံပေ၅၀×အမြင့် ၂၆ပေ၊ နှစ်ထပ်အာရ်စီ တရားရုံးအဆောက်အအုံနှင့်အချုပ်ခန်း၊ သက်သေနားနေဆောင်၊ အုတ်ခြံစည်းရိုး(သံပန်းသံတံခါးအပါအဝင်)ကာရံခြင်း၊ ရေချိုးခန်းနှင့်နှစ်ခန်းတွဲရေလောင်းအိမ်သာ ကွန်ကရစ်ရေစင်၊ စတီးရေစုကန်၊ အုတ်ရေကန်၊ စက်ရေတွင်းတူးခြင်း၊ ရုံးပတ်လည်နှင့်ခြံစည်းရိုးရေနုတ်မြောင်း၊ ရုံးပတ်လည်နှင့် ခြံစည်းရိုးအရှေ့ဘက် ကွန်ကရစ်ခင်းခြင်း၊ လုံခြုံရေးဂိတ်အာရ်စီ၊ မီးစက်/ရေစက်ရုံ၊ တရားရုံးအင်္ဂါရပ်နှင့်အညီ မွမ်းမံခြင်း၊ တရားသူကြီး နားနေခန်းတွင် ပါကေးခင်းခြင်း၊ တရားခွင်အစည်းအဝေးခန်းမနှင့် လျှောက်လမ်းများတွင် ကြွေပြားခင်းခြင်း၊ တရားခွင်(၂)ခွင် တည်ဆောက်ခြင်း၊ ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်း

(ခ) မက်မန်းမြို့နယ်တရားရုံး တည်ဆောက်ခြင်းလုပ်ငန်း
အလျားပေ ၄၀× အနံပေ ၇၀× အမြင့် ပေ၂၀ နှစ်ထပ်အာရ်စီ တရားရုံး အဆောက်အအုံဝရန်တာ ၅ပေ အပါအဝင်၊ အချုပ်ခန်း၊ မြေထိန်းနံရံ၊ ခြံစည်းရိုးကာရံခြင်း (ကွန်ကရစ်တိုင်နှင့်သံဆူးကြိုး)

(ဂ) နမ့်ဆန်(မြောက်)မြို့နယ်တရားရုံး တည်ဆောက်ခြင်းလုပ်ငန်း
အလျား ၁၀၃ ပေ× အနံ ၆၇ပေ× အမြင့် ၁၂ ပေ တစ်ထပ်အာရ်စီ တရားရုံး အဆောက်အအုံပေါ်တီကိုအပါအဝင်၊ အချုပ်ခန်းနှင့်မှုခင်းမှတ်တမ်းခန်း အာရ်စီ၊ သက်သေနားနေဆောင်အုတ်ညှပ်၊ နှစ်ခန်းတွဲရေလောင်းအိမ်သာ၊ ရေကန်ပြုလုပ်ခြင်း၊ ရေပိုက်(၁၅)လုံးနှင့် ရေသွယ်ခြင်း၊ အုတ်ခြံစည်းရိုး (သံပန်းသံတံခါးအပါအဝင်ကာရံခြင်း)၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ မြေပြုပြင်ခြင်း၊ ရုံးအဝင်/ အထွက်လမ်း ကွန်ကရစ်ခင်းခြင်း။

အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၁၅ရက်မှ ၂၆-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပြီး ၂-၆-၂၀၁၅ရက်တွင် လျှောက်လွှာများလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းတို့ကို တစ်ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာ ပြည်နယ်တရားလွှတ်တော် ဘီလစ်ထံပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၈၁-၂၀၂၀၀၆၊ ၀၈၁-၂၁၂၀၄၉ နှင့် ၀၈၁-၂၀၂၁၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**
**လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Lens 18mm to 200mm(VR-II)Nikon | 3 Nos |
| ၂။ | Flash Gun(SB-700)Nikon | 3 Nos |
| ၃။ | Rode Video MIC Directional Video Condenser Microphone W/Mount & Shoe Mount Adapter for Sony DLSR Camera | 3 Nos |
| ၄။ | UPS(Power Tree)650 VA | 50 Nos |
| ၅။ | Telephone Set ID(Caller) | 50 Nos |
| ၆။ | Tele Wide Zoom 80 to 400mm | 2 Nos |
| ၇။ | Flash Gun HVLF-20m for Sony Camera ILCE-7 | 40 Nos |
| ၈။ | Digital Camera D-7100 Body Only Nikon | 3 Nos |
| ၉။ | Digital Camera Sony ILCE-7,24.3 Megapixel 35mm Full-Frame Exmor | 40 Nos |
| ၁၀။ | Digital Camera Nikon D-810 Body Lens-28 to 300 VR 2 Flash Gun-910 | 6 Nos |
| ၁၁။ | Camera Recorder Panasonic HD(AVCHD) Camcorde Box | 20 Nos |
| ၁၂။ | LCD Projector Shot Throw with Tripod Screen (90"x90")Lumens 4000 Panasonic | 9 Nos |
| ၁၃။ | Conference Mic System Meeting Room(TOA) | 1 No |
| ၁၄။ | Post Production Work Station | 2 Nos |
| ၁၅။ | Dolby Digital Sound System (7.1)Brand (750) | 1 No |
| ၁၆။ | Camera HD Sony Cine Alta 4 K PMW-F5 | 1 No |
| ၁၇။ | Digital Recorder Sony ICD SH-1000 | 2 Nos |
| ၁၈။ | Personal Computer Core i7 3.4,(8MB/1150) H9Z(1150/DDR3),8 GB(DDR3) 2TB,GT 630(DDR3)128 bit with DVI/HDMI Output 21.5"/22" LED DVI/IIDMI 24xDVD Writer Speaker,keyboard,Mouse UPS-Power Tree 650 VA | 79 Nos |
| ၁၉။ | Digital Multifunction Copier A3 Size(Konica) 600x600 dpi Resolution 32 MB 250 Sheet Paper Tray | 45 Nos |
| ၂၀။ | Laser Printer(A4)LBP 2900B Canon | 80 Nos |
| ၂၁။ | Roll Paper Fax Machine A4 Panasonic | 160 Nos |
| ၂၂။ | Scanner A4 EPSON | 60 Nos |
| ၂၃။ | Duplo(Dp-A100) 300x360 dpi 90 Print Per Minute | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၅-၂၀၁၅ရက်မှ ၁၀-၆-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
**တင်ဒါတင်သွင်းရန်လိပ်စာ**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆**

**ပြည်တွင်း/ ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ တန်(၆၀)သတင်းစာစက္ကူစက်ရုံ(သာပေါင်း) အတွက် သစ်ပွကုန်ကြမ်း(ယူကလစ်) တန်(၁၀၀၀)ကို စက်ရုံအရောက်မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက အရည်အသွေးထိန်း သိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၈၇၊ ၀၆၇-၄၀၈၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၁၄-၅-၂၀၁၅ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၆၃၉၀၀ Pinbo ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိန်လျှံမိတ် ၁၃/ကခန(နိုင်)၀၅၀၃၉၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၃ယ/၇၀၇၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမင်း ၈/မသန(နိုင်)၀၉၅၄၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)**
**ရန်ကုန်တက္ကသိုလ်**

## ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြန်မာစာ | (ဋ) | ရှေးဟောင်းသုတေသနပညာ |
| (ခ) | အင်္ဂလိပ်စာ | (ဌ) | စာကြည့်တိုက်နှင့်သုတပညာ |
| (ဂ) | ပထဝီဝင် | (ဍ) | ဓာတုဗေဒ |
| (ဃ) | သမိုင်း | (ဎ) | ရူပဗေဒ |
| (င) | ဒဿနိကဗေဒ | (ဏ) | သင်္ချာ |
| (စ) | စိတ်ပညာ | (တ) | သတ္တဗေဒ |
| (ဆ) | ဥပဒေပညာ | (ထ) | ရုက္ခဗေဒ |
| (ဇ) | အရှေ့တိုင်းပညာ | (ဒ) | ဘူမိဗေဒ |
| (ဈ) | နိုင်ငံတကာဆက်ဆံရေးပညာ | (ဓ) | ကုန်ထုတ်ဓာတုဗေဒ |
| (ည) | မနုဿဗေဒ | (န) | ကွန်ပျူတာသိပ္ပံပညာ |
| | | (ပ) | အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၅ခုနှစ် ဇွန်လ ၁ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ် တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများမဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) **ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။**

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာ ရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင် အင်္ဂလိပ်စာ (၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့် စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ်အနည်းဆုံး ရှိရမည်။

(၄) **ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁) နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။**

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃) မျက်နှာ ထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၆-၅-၂၀၁၅ရက်(စနေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရှိထားသူများကို ၂၃-၅-၂၀၁၅ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၅၃၄၀၉၈၊ ၅၃၄၃၉၀တို့တွင်လည်းကောင်း စုံစမ်း နိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်တက္ကသိုလ်**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့်စက်ပစ္စည်းများဆောင်ရွက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင်ပါရှိပြီးဖြစ်၍ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|---|
| ၁။ | (က) | ယာဉ်တပ်ဆင်ရေးအလုပ်ရုံနှင့်စတိုအမိုးနှင့် ရေတံလျှောက်ပြုပြင်ခြင်း | HI-12/001 |
| | (ခ) | Intake Barge (၁)စီးတည်ဆောက်ခြင်းလုပ်ငန်း | HI-12/002 |
| | (ဂ) | Rubber Hose Piping for Intake Barge | HI-12/003 |
| | (ဃ) | မြစ်ရေတင် Intake Barge (11Mx4.5Mx1.8M) တွင် အသုံးပြုမည့်ဆက်စပ်ပစ္စည်းများ | HI-12/004 |
| | (င) | Internet တပ်ဆင်ခြင်း (Internet Speed 1M) | HI-12/005 |

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၁-၅-၂၀၁၅ရက်
၃။ **တင်ဒါရောင်းချမည့်နေရာ** - အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၂၇-၅-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၈-၅-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ
၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၉-၂၅၀၄၀၀၉၄၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၉-၂၅၀၄၀၀၉၄၅**
**စက်မှုဝန်ကြီးဌာန**

## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း
## ၂၀၁၄-၂၀၁၅ (၂၀)ကြိမ်မြောက်
## နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ၂၀၁၄-၂၀၁၅ ခုနှစ် (၂၀)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၇-၅-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - NOVOTEL YANGON MAX HOTEL (Pyay Room)Level -3

**အမှတ် ၄၅၉၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**မှတ်ချက်** -ညစာစားပွဲလက်မှတ်များကို အသင်းရုံးခန်းတွင် ကြိုတင်ဝယ်ယူနိုင်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း**
**ဖုန်း-၂၅၄၄၀၀၊ ၂၅၄၄၃၃၊ ၃၈၉၃၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**
**မန္တလေးမြို့**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၆**

ဒေါ်ခင်ပို **နှင့်** ၁။ ဦးမိုးဦး
၂။ ဒေါ်မ
၃။ ဦးပြဲ

**တရားလို** **တရားပြိုင်များ**

အကွက် (၂၅၄)ပြည်ကြီးပျော်ဘွယ်အရှေ့ရပ် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးမိုးဦး(ဇနီး)ဒေါ်မ(ယခုနေရပ်လိပ်စာမသိ)နှင့် အကွက် (၂၅၄)ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့နေ ဦးပြဲ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဒေါ်ခင်ပိုက (၂၅-၁၀-၁၉၉၂) ရက်စွဲပါ မြေအရောင်းအဝယ်ကတိစာချုပ်အား အမှန်ပြင်ဆင်ဖြည့်စွက်ချုပ်ဆို၍ အဆိုပါစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် သင်တို့အား လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၄ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်အတူ သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သောဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ မုံရွာမြို့ အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တွင် ဆောင်ရွက်လျက်ရှိသော မင်းမြင်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ အုတ်
၂။ သဲ
၃။ ၁/၄" ~ ၃/၄" ခွဲကျောက်
၄။ ကုန်းကျောက်စရစ်
၅။ ၆" ~ ၉" ကျောက်ကြီး
၆။ တောသစ်(အထူ)
၇။ တောသစ်(အပါး)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာယူရက်** - ၁၁-၅-၂၀၁၅ရက်မှ ၂၁-၅-၂၀၁၅ရက်အထိ
(ခ) **တင်ဒါသွင်းရက်** - ၂၂-၅-၂၀၁၅ရက် ၁၆း၀၀နာရီထိ
(ဂ) **တင်ဒါသွင်းရန်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (၂)ရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မုံရွာမြို့။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၁၄၉နှင့် ၀၇၁-၂၁၂၂၅တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၈၅၁၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

မော်ဘီမြို့နယ်၊ မော်ဘီဈေးအကျော်၊ ထန်းတပင်တာဆုံအနီး၊ လှပဒါးကျေးရွာအနီး၊ လယ်/ဥယျာဉ်(၄)ဧက (ပုံစံ-၇) ကျပြီး ရောင်းမည်။တစ်ဧက (သိန်း၄၀၀)/ ညှိနှိုင်း (ပွဲစားမလို)

**ဖုန်း-၀၉-၄၂၁၁၁၇၀၀၇၊ ၀၉-၅၀၈၇၇၇၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်ပျဉ်းမနားမြို့၊ တောင်သာအုပ်စု၊ ခွကြားရပ်ကွက်ရှိ၊ တောင်သာကွင်း၊ ကွင်းအမှတ်(၁၆၈၅)၊ ဦးပိုင်အမှတ်(၂၁/၂)၊ ဧရိယာဧက ၀ ဒသမ ၂၁ ရှိ မြေအမျိုးအစား လ/န(၃-ခ)သည် ဦးအုန်းမောင်-ဒေါ်သန်းလှတို့ အမည်ပေါက်ဝိုင်းမြေဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ရက်အတွင်း ကန့်ကွက်မှုမရှိပါက ၎င်းမြေကွက်အား ကျွန်ုပ်သဘောကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်းမောင်-ဒေါ်သန်းလှ**
**ဖုန်း-၀၉-၄၉၂၄၃၅၂၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ကျောက်မဲခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁**

ဒေါ်နန်းဆိုင်ဟွမ် **နှင့်** ၁။ ဦးမင်းအောင်
၂။ ဒေါ်နန်းငွေကြည် (အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

"မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုရောင်းချသည့် မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်နှင့် လက်ရောက်ပေးအပ်စေလိုမှု"

သို့မဟုတ်

"ရောင်းကြေးငွေ(၃၉၀၀၀၀၀၀/-)(ကျပ်သိန်းသုံးရာ့ကိုးဆယ်တိတိ)
နှင့်နစ်နာကြေးငွေ(၁၅၇၉၅၀၀၀/-)
(ကျပ်သိန်းတစ်ရာငါးဆယ့်ခုနစ်သိန်းကိုးသောင်းငါးထောင်တိတိ၊)နှစ်ရပ်ပေါင်း ၅၄၇၉၅၀၀၀/-
(ကျပ်သိန်းငါးရာလေးဆယ့်ခုနစ်သိန်း ကိုးသောင်းငါးထောင်တိတိ) ရလိုမှု"

အထက်အမှုပါ ယခုနေရပ်လိပ်စာ စုံစမ်းသိရှိခြင်းမရှိသည့် (၂)တရားပြိုင် ဒေါ်နန်းငွေကြည် သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချသည့် မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်နှင့် လက်ရောက်ပေးအပ်စေလိုမှု သို့မဟုတ် ရောင်းကြေးငွေ ၃၉၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာ့ကိုးဆယ်တိတိ)နှင့် နစ်နာကြေးငွေ ၁၅၇၉၅၀၀၀/-(ကျပ်သိန်းတစ်ရာငါးဆယ့်ခုနစ်သိန်းကိုးသောင်းငါးထောင်တိတိ) နှစ်ရပ်ပေါင်း ၅၄၇၉၅၀၀၀/-(ကျပ်သိန်းငါးရာလေးဆယ့်ခုနစ် သိန်းကိုးသောင်းငါးထောင်တိတိ) ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့မဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၅ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၂၉ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းမြင့်) ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
## ရန်ကုန်မြို့
## ရေသန့်ပစ္စည်းဟောင်းများရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် ပြန်လည်အသုံးပြုရန်မလိုအပ်သော ရေသန့် ပစ္စည်းအဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ဝယ်ယူပြီး ၂၀-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀ နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။ **ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## အသက် (၁၀၀)ပြည့်ဆုတောင်း

ပခုက္ကူခရိုင်၊ ပေါက်မြို့၊ အောင်ချမ်းသာရပ်နေ မိခင်ကြီး၊ အဘွား ဒေါ်ရွှေရွှေ၏ အသက်(၁၀၀)ပြည့် မွေးနေ့မှသည် အသက်(၁၂၀)ကျော်တိုင်တိုင်သည် သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အတူနေထိုင်သွားရပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**သားသမီးများ-**
- **ဦးဇော်လတ်၊ ဒေါ်စီစီဝင်း ပေါက်မြို့။**
- **ဦးကျော်မိုး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်ခင်မကြည်(ဦးစီးအရာရှိ)ပြည်နယ်သမဦးစီးဌာန၊မြစ်ကြီးနားမြို့။**

**မြေးများ-**
- **ကိုရဲမြင့်မောင်(သစ်သီးခြံလုပ်ငန်း)မန္တလေးမြို့၊ မရတီကျော်မိုး (မိုဘိုင်းအင်ဂျင်နီယာ၊ ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်း)မြစ်ကြီးနားမြို့။**
- **မသီရိကျော်မိုး LL.B,LL.M မြစ်ကြီးနားမြို့**

## OTS 44
## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၄)မော်ဘီ စည်သူတပ်ခွဲ

သူငယ်ချင်းတွေ ပြန်လည်ဆုံတွေ့ကြပြီး သွားလေသူတွေကိုရည်စူးလို့ ဆွမ်းကပ်လှူ အမျှပေးဝေကြမယ်။ မသေကွင်းကျန် သင်တန်းတက်ဖော် သူငယ်ချင်းတွေရော၊ ကျန်ရစ်သူဇနီးများပါ မိသားစုတွေနဲ့အတူတူ ယခုမေ ၃၀ရက် (စနေနေ့) နံနက် ၀၉း၀၀ နာရီမှာ အောက်ပါကျောင်းတိုက်သို့ (ဖိတ်စာ ရရ/မရရ)ဆက်ဆက်လာခဲ့ကြပါ။ ကိုယ်နဲ့အဆက်မပြတ်သေးသူတွေကိုလည်း ဆက်ပြောလိုက်ကြပါဦး (နယ်ကလာမည့်သူတွေ တည်းခိုဖို့နဲ့ ဘာအခက်အခဲရှိရှိ/မရှိရှိ ဆက်သွယ်ပေးကြပါ) (ညစာစားပွဲရှိပါမည်)

**မြို့မကျောင်းလမ်းက အိမ်တော်ရာကျောင်းတိုက်၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက် ဆက်သွယ်ရန်**

| | | |
|---|---|---|
| ဦးသန်းဝင်း | (၀၉) | ဖုန်း-၀၉-၄၅၀၀၅၃၃၆၁ |
| ဦးတင်အောင်မြင့် | (၂၄) | ဖုန်း-၀၉-၅၀၁၀၃၈၄ |
| ဦးဇော်ဝိတ် | (၅၄) | ဖုန်း-၀၉-၇၉၉၆၉၈၀၁၁ |
| ဦးမောင်မြင့် | (၅၈) | ဖုန်း-၀၉-၇၉၅၉၀၈၇၁၅ |
| ဦးမိုးမြင့်သိန်း | (၄၆) | ဖုန်း-၀၉-၇၉၅၈၁၃၈၅၁ |
| ဦးအေးမောက် | (၇၂) | ဖုန်း-၀၉-၂၅၆၂၉၆၉၆၉ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၄**

ဒေါ်သိန်းသိန်း **နှင့်** ၁။ ဒေါ်စန်းရီ
၂။ ဦးစောလှဝင်း
၃။ ဦးစောလှသင်း
၄။ ဒေါ်စောတင်တင်ခိုင် ] **ကွယ်လွန်သူ ဒေါ်ဖြူတုတ်၏ တရားဝင်ကိုယ်စားလှယ်များ**
၅။ ဒေါ်ကြည်စိန်
၆။ ဒေါ်ခင်ပု
၇။ ကိုမြင့်အောင်
၈။ ကိုမြင့်မောင်
၉။ ကိုတင့်အောင်
၁၀။ မစန်းပွား
၁၁။ ကိုမျိုးနိုင်
၁၂။ မကေခိုင်မြင့်
၁၃။ ကိုအောင်သက်ပိုင်(ခ)ကိုပုဏ္ဏား

**တရားလို** **တရားပြိုင်များ**

အိမ်အမှတ် ၇၀၊ ချင်းစုရပ်၊ နန္ဒဝန်ကွက်သစ်၊ စစ်ကိုင်းမြို့နေ ဒေါ်စောတင်တင်ခိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်နှင့်အတူ ကျန်တရားပြိုင်များအပေါ် တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုထားချက်ရှိသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၂၀ ရက် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၃ရက်)ရုံးသို့လာရောက်ရမည်။ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချိုချို)**
**ဒု-ခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် OPGW Network တည်ဆောက်တပ်ဆင်ရန်အတွက် လိုအပ်သော OPGW Cable & Accessories ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဦးဝင်းမြင့် နှင့် ဦးသာညို
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက် (၄၃)၊ အခန်း (D-1)၊ (၄၁) တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ တရားရှုံး ဦးသာညို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ပေးရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၆ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မေ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၄/၂၆)၊ ခြောက်ခန်းတွဲ ရှစ်ထပ်တိုက် အဆောက်အအုံ၏အခန်းအမှတ် (5-B)နှင့် (5-E)အခန်း(၂)ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

